
# စစ်အုပ်စု၏ ရာဇဝတ်မှုများတွင် အလိုတူအလိုပါခြင်း

**ကျရှုံးနေသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုနောက်ပိုင်း**
**စစ်အုပ်စုနှင့် အလိုတူအလိုပါဖြစ်သော မြန်မာနိုင်ငံအမျိုးသား**
**လူ့အခွင့်အရေးကော်မရှင်အပေါ် လေ့လာသုံးသပ်ချက်**




anni
Asian NGO Network
on National Human Rights Institutions

လွတ်လပ်သော နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနဆိုင်ရာ
အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့ (မြန်မာ)

CSO Working Group on Independent National
Human Rights Institution (Burma/Myanmar)

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ**

**Copyleft 🄯 2023**

## အလုပ်အဖွဲ့အကြောင်း

လွတ်လပ်သော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့ (မြန်မာ) ("အလုပ်အဖွဲ့") (ယခင်အမည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့) ကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းချိန်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို လွတ်လပ်အမှီအခိုကင်း၍ ပွင့်လင်းမြင်သာမှုရှိရှိ ထိရောက်စွာဖြင့် NHRI များ လိုက်နာရမည့် နိုင်ငံတကာအခြေခံမူဖြစ်သော ပါရီအခြေခံမူများနှင့်အညီ မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ အခွင့်အရေးများကို အမှန်တကယ် ကာကွယ်မြှင့်တင်ပေးနိုင်သော ကော်မရှင်တစ်ရပ် ဖြစ်လာစေရေး စည်းရုံးလှုံ့ဆော်ရန် ရည်ရွယ်ခဲ့ပါသည်။ ထိုသို့ရည်ရွယ်ထားသည့်အတိုင်း အလုပ်အဖွဲ့ စတင်ဖွဲ့စည်းစဉ်မှစ၍ MNHRC ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့သည်မှာ တရားမဝင်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းအထိ ဖြစ်သည်။

သို့သော် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း မြန်မာပြည်သူများ ကြုံတွေ့နေရသော လူ့အခွင့်အရေးနှင့် နိုင်ငံရေးအကျပ်အတည်းအပေါ် MNHRC ၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များကြောင့် MNHRC အား ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ခြင်းထက် ၎င်းအား ပြည်သူကို အမှန်တကယ် ကိုယ်စားပြုသော သီးခြားလွတ်လပ်သည့် လူ့အခွင့်အရေးကော်မရှင်အသစ်တစ်ရပ်ဖြင့် အစားထိုးဖွဲ့စည်းနိုင်ရန် မိမိတို့ အလုပ်အဖွဲ့မှ ပြောင်းလဲစဉ်းစားခဲ့သည်။ ထိုပြောင်းလဲစဉ်းစားချက်နှင့်အတူ မိမိတို့အလုပ်အဖွဲ့၏ ရည်ရွယ်ချက်များကို ပြင်ဆင်ခဲ့ပြီး အမည်ကိုလည်း လွတ်လပ်သော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများ အလုပ်အဖွဲ့ (မြန်မာ) / CSOs Working Group on Independent National Human Rights Institution (Burma/Myanmar) ဟု ၂၀၂၂ ခုနှစ် မတ်လတွင် ပြင်ဆင်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ လက်ရှိတွင် အလုပ်အဖွဲ့ကို နောက်ခံမတူညီသော အရပ်ဘက်လူထုအဖွဲ့အစည်းပေါင်း ၂၀ ဖွဲ့တို့ဖြင့် ဖွဲ့စည်းသည်။ Facebook: https://www.facebook.com/WGonNHRIBurma

## ANNI အကြောင်း

အာရှဒေသ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများကွန်ရက် (ANNI) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။ ၎င်းသည် နိုင်ငံအဆင့်လူ့အခွင့်အရေးဌာန (NHRI) များနှင့် ဆက်စပ်သည့်ကိစ္စများအရေးကို လုပ်ဆောင်နေသည့် အာရှဒေသရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ပါဝင်သော ကွန်ရက်တစ်ခု ဖြစ်သည်။ လက်ရှိအချိန်၌ ANNI တွင် နိုင်ငံ သို့မဟုတ် နယ်မြေဒေသ ၂၁ ခုမှ အဖွဲ့ဝင် အဖွဲ့အစည်း ၃၃ ခု ပါဝင်သည်။ ANNI အဖွဲ့ဝင်များသည် အာရှဒေသရှိ NHRI များမှ လူ့အခွင့်အရေးကို ပိုမိုကောင်းမွန်စွာ ကာကွယ်မြှင့်တင်နိုင်ရန်အတွက် ထို NHRI များ၏ အလုပ်နှင့် လုပ်ငန်းဆောင်တာများ ပိုမိုခိုင်မာအားကောင်းလာစေရေးကို အလေးထားလုပ်ဆောင်နေကြသူများ ဖြစ်သကဲ့သို့ ထို NHRI များမှ ပါရီအခြေခံမူများနှင့် ကမ္ဘာလုံးဆိုင်ရာ GANHR–SCA ၏ အထွေထွေလေ့လာဆန်းစစ်ချက် အပါအဝင် နိုင်ငံတကာစံနှုန်းများကို ပို၍ကောင်းမွန်စွာ လိုက်နာစေရေးအတွက်လည်း စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ ANNI ကွန်ရက်ကို ၎င်းတည်ထောင်စဉ် ၂၀၀၆ ခုနှစ်ကတည်းကပင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အာရှဖိုရမ် (FORUM–ASIA) မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပေးထားသည်။ Website: http://l.forum–asia.org/ANNI

## ဆက်သွယ်ရန်

**လွတ်လပ်သော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများအလုပ်အဖွဲ့ (မြန်မာ)**

Email: WG_NHRI@protonmail.com

**အာရှဒေသ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများကွန်ရက်**

Email: Anni@forum–asia.org

# မာတိကာ


နိဒါန်း ....................................................................................................4

နောက်ခံသမိုင်းကြောင်း ........................................................................5

MNHRC ၏ စွမ်းဆောင်ရည် ....................................................................10

ပါရီအခြေခံမူများ.........................................................................................12

နိုင်ငံတကာနှင့် ဒေသတွင်းရှိ NHRI ဆိုင်ရာ အဖွဲ့အစည်းများ –
GANHRI၊ APF နှင့် SEANF..........................................................................16

MNHRC ကို နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများမှ ဆိုင်းငံ့ခြင်း၊
ဖယ်ရှားခြင်းနှင့် ထုတ်ပယ်ခြင်း.........................................................................20

အနာဂတ်ကို မျှော်ကြည့်ခြင်း ...........................................................................21

နိဂုံး .............................................................................................................22

အကြံပြုတိုက်တွန်းချက်များ.............................................................................23

နိုင်ငံတကာနှင့် ဒေသတွင်း NHRI ဆိုင်ရာ အဖွဲ့အစည်းများ (SEANF၊ GANHRI နှင့် APF) .............23

နိုင်ငံတကာ အလှူရှင်များ.............................................................................23

ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာ လုပ်ရှားဆောင်ရွက်သူများ ..........................................23

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့်အမျိုးသား
ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ ..........................................................................24

# ၀၁ နိဒါန်း

ဤလေ့လာသုံးသပ်ချက်စာတမ်းသည် မြန်မာစစ်အုပ်စု၏ ကျရှုံးနေသော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရေး ကြိုးပမ်းမှုအတွင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC သို့မဟုတ် ကော်မရှင်)၏ လုပ်ဆောင်ချက်များနှင့် အလိုတူအလိုပါဖြစ်မှုတို့ကို အကဲဖြတ်ဆန်းစစ်ထားသည်။ ယခုစာတမ်း၏ ရည်ရွယ်ချက်မှာ ပြန်လည်ပြင်ဆင်၍ လုံးဝမရတော့သည့် MNHRC ၏ အခြေအနေနှင့် မြန်မာပြည်သူလူထုအပေါ် ကျူးလွန်နေသည့် စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးနှင့် ရာဇဝတ်မှုများအတွင်း MNHRC ၏ အလိုတူအလိုပါဖြစ်မှု အခြေအနေတို့အပြင် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) လက်အောက်တွင် လွတ်လပ်အမှီအခိုကင်းသည့် နိုင်ငံအဆင့် လူ့အခွင့်အရေးကော်မရှင် အသစ်တစ်ရပ် ပေါ်ပေါက်လာရေး လွတ်လပ်သော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများအလုပ်အဖွဲ့ (မြန်မာ) (အလုပ်အဖွဲ့)၏ လုပ်ငန်းအစီအစဉ်အား ထောက်ခံအားပေးရန် လိုအပ်ကြောင်းကို နိုင်ငံအဆင့်လူ့အခွင့်အရေး ဌာနများဆိုင်ရာ အာရှ–ပစိဖိတ်ဖိုရမ် (Asia Pacific Forum – APF)၊ အရှေ့တောင်အာရှ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများဖိုရမ် (Southeast Asia National Human Rights Institution Forum – SEANF) နှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့ (Global Alliance of National Human Rights Institutions – GANHRI) တို့ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို အသိပေးလိုခြင်း ဖြစ်သည်။[1] မြန်မာပြည်သူများ၏ စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ရရှိရေးတိုက်ပွဲကို ထောက်ခံအားပေးခြင်းက မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန်အတွက် ရေရှည် အတည်တံ့ဆုံးအဖြေ ဖြစ်သောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် MNHRC နှင့် ထိတွေ့ဆက်ဆံမှုကို အပြီးသတ်ဖြတ်တောက်ခြင်းဖြင့် အကောင်းဆုံးပံ့ပိုးနိုင်ကြောင်းကို ဤစာတမ်းက အဓိကထား ဆွေးနွေးတင်ပြထားပါသည်။

ဤလေ့လာချက်စာတမ်းသည် အာရှဒေသ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများ၏ စွမ်းဆောင်ရည်ဆိုင်ရာ သုံးသပ်ထားသော ANNI 2020 အစီရင်ခံစာ (ANNI အစီအရင်ခံစာ)[2]ပါ မြန်မာနိုင်ငံဆိုင်ရာအခန်းနှင့် ၂၀၂၁ ခုနှစ် နှောင်းပိုင်းတွင် အလုပ်အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် တိုးချဲ့ထားသော ANNI အစီရင်ခံစာ၏ မြန်မာနိုင်ငံဆိုင်ရာ အခန်းပါ အချက်များကို အခြေတည်ထားသည်။[3] ထို့အပြင် ပါရီအခြေခံမူများအရ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနတစ်ခု၏ ဝတ္တရားများနှင့်ဆန့်ကျင်နေသော MNHRC ၏ လုပ်ရပ်များနှင့် ပျက်ကွက်မှုများကို ဤစာတမ်းတိုက စေ့စပ်သေချာစွာ သုံးသပ်တင်ပြထားသည်။[4] စစ်အုပ်စု၏ အာဏာလုယူရေးကြိုးပမ်းမှုတွင် အလိုတူ အလိုပါဖြစ်နေခြင်းမှ အစ၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် စစ်အုပ်စုမှ တောက်လျှောက်ကျူးလွန်ခဲ့သော ကြီးမားသည့် ကြမ်းကြုတ်ရက်စက်မှုများအပေါ် တောက်လျှောက် နှုတ်ဆိတ်နေခြင်းအလယ်၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ၌ စစ်အုပ်စု၏ လွတ်ငြိမ်းချမ်းသာခွင့်ကို ထောက်ခံသည့် ကြေညာချက်ကို ထုတ်ပြန်ခြင်းအဆုံး အာဏာသိမ်းမှုနောက်ပိုင်း MNHRC အား အကျဘက်သို့ အလျင်အမြန် ဆိုက်ရောက်စေသည့် အထင်ကရဖြစ်စဉ်ကောက်ကြောင်းများကိုလည်း ဤစာတမ်းက သုံးသပ်တင်ပြထားသည်။ အရေးကြီးဆုံးအချက်မှာ MNHRC သည်

---

1 Asia Pacific Forum. Available at https://www.asiapacificforum.net/, Southeast Asian National Human Rights Forum (SEANF), available at https://seanf.asia/ and Global Alliance of National Human Rights Institutions (GANHRI), available at https://ganhri.org/

2 The Asian NGO Network on National Human Rights Institutions (ANNI), in collaboration with ANNI members, produces the ANNI Report on the Performance of National Human Rights Institutions to critically assess the performance of NHRIs against the Paris Principles. Available at https://www.forum-asia.org/?p=36231

3 The CSO Working Group on NHRI (Burma/Myanmar) formerly known as the CSO Working Group on MNHRC Reform. The Working Group consists of 20 civil society organizations from diverse backgrounds to reflect the new mission of establishing a new NHRI that is in line with the Paris Principles – the international standards for NHRIs. For more information, https://www.facebook.com/WGonNHRIBurma

4 The Paris Principles, the Princinples relating to the Status of national human rights institutions, adopted by General Assembly resolution 48/134 on 20 December 1993. Available at https://ganhri.org/paris-principles/

ယခင်ရော ယခုပါ မည့်သည့်အချိန်ကမျှ မြန်မာပြည်သူများကို အမှန်တကယ် ကိုယ်စားပြုခြင်း သို့မဟုတ် လူ့အခွင့်အရေး အတွက် စည်းရုံးလှုံ့ဆော်ပေးခဲ့ခြင်း မရှိသဖြင့် လူ့အခွင့်အရေးကော်မရှင် အသစ်တစ်ရပ် ပေါ်ပေါက်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်သည်။

ဤစာတမ်းအတွက် အချက်အလက်များကို ရှိနှင့်ပြီးသောအချက်အလက်များအား သုတေသနပြုထားပြီး ပြည်တွင်း မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများ အထူးသဖြင့် အလုပ်အဖွဲ့၏အဖွဲ့ဝင်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပြီးတင်ပြထားပါသည်။ ရှိနှင့်ပြီးသော အချက်အလက်များကို သုတေသနပြုရာတွင် ထုတ်ဝေပြီးသော ANNI အစီရင်ခံစာများ၊ ကုလသမဂ္ဂ အစီရင်ခံစာများ၊ GANHRI ၏ လေ့လာတွေ့ရှိချက်များနှင့် MNHRC ၏ အွန်လိုင်းရင်းမြစ် များကို ကိုးကားတင်ပြထားပါသည်။ ယခုစာတမ်းကို အာရှဒေသ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများဆိုင်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများကွန်ရက် (ANNI) နှင့် လွတ်လပ်သော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနဆိုင်ရာ အရပ်ဘက် လူထုအဖွဲ့အစည်းများအလုပ်အဖွဲ့ (မြန်မာ) (“အလုပ်အဖွဲ့”) တို့က ပူးတွဲရေးသားထုတ်ဝေသည်။

## ၀၂ နောက်ခံသမိုင်းကြောင်း

MNHRC သည် ၂၀၁၁ ခုနှစ် ကနဦး စတင်တည်ထောင်ချိန်ကတည်းပင် ပြဿနာများ နက်နက်ရှိုင်းရှိုင်း ရှိခဲ့ပြီး ဖြစ်သည်။[5] ပြီးခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်း MNHRC သည် ပါရီအခြေခံမူများနှင့် အပြည့်အဝ လိုက်နာခြင်း မရှိဘဲ အမှီအခိုကင်းမှုနှင့် စုဖွဲ့မှုပိုင်းဆိုင်ရာ ကြီးမားသော ပြဿနာများရှိသည့်အတွက် GANHRI ၏ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ (GANHRI Sub-Committee on Accreditation – GANHRI-SCA) ၏ ‘B’ အဆင့် (ပါရီအခြေခံမူ များနှင့် တစ်စိတ်တစ်ပိုင်းသာ ကိုက်ညီမှုရှိသည့်အဆင့်) သတ်မှတ်ခြင်းကို ခံခဲ့ရသည်။[6] ၂၀၁၁ ခုနှစ်မှစတင်၍ MNHRC အား အဆောက်အအုံပိုင်းဆိုင်ရာ အထောက်အကူများ၊ MNHRC ဥပဒေပြင်ဆင်ချက်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်း များ၏ စုံလင်ကွဲပြားမှု လုပ်ဆောင်ခြင်းတို့နှင့်အတူ ခိုင်မာအားကောင်းလာစေရန်နှင့် လွတ်လပ်အမှီအခိုကင်းစေရန် ပြုပြင်ပြောင်းလဲနိုင်လိမ့်မည်ဟု မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများတွင် လုပ်ဆောင်နေသူများက မျှော်လင့်ခဲ့ကြ သည်။[7] တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ၊ ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု၊ တိုင်းရင်းသားဒေသများရှိ လိင်ပိုင်း နှင့် လိင်စိတ်ခံယူမှု ကွဲပြားခြားနားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုတို့ အဆုံးသတ်ရေး တောင်းဆိုရန် ကြီးကြီးမားမား ပျက်ကွက်ခဲ့သည့်အပြင် အခြားအဆောက်အအုံပိုင်းဆိုင်ရာ ပျက်ကွက်မှုများရှိနေသည့်တိုင် မြန်မာအရပ်ဘက်လူထု အဖွဲ့အစည်းများက MNHRC ပြုပြင်ပြောင်းလဲရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးရန်းကန်ခဲ့ကြသည်။[8] သို့သော် ၂၀၂၀

---

5 ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်၏ အမိန့်ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ (MNHRC ဥပဒေ) ဖြင့် ကော်မရှင်၏ တရားဝင်လုပ်ပိုင်ခွင့်အာဏာကို အသက်သွင်းခဲ့သည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ https://mnhrc.org.mm/about-us https://www.facebook.com/myanmarnhrc; The Myanmar National Human Rights Commission Law, 28 March 2014 https://www.burmalibrary.org/docs23/2014-03-28-Myanmar_Human_Rights_Commission_Law-21-en.pdf

6 GANHRI, Report and Recommendations of the Session of the Sub-Committee on Accreditation', Section 2, November 2015. Available at https://previous.ohchr.org/Documents/Countries/NHRI/GANHRI/SCA%20FINAL%20REPORT%20-%20NOVEMBER%202015-English.pdf

7 This was the focus of the previous iteration of the Working Group, the CSO Working Group on Myanmar National Human Rights Commission Reform. Also, see the previous Myanmar chapters of the ANNI Reports, including "2017 ANNI Report on the Performance and Establishment of National Human Rights Institutions in Asia,'' 2017. Available at https://forum-asia.org/uploads/wp/2017/12/ANNI-Report-Final.pdf

8 "CSO Working Group on MNHRC Reform Call on Myanmar Government to Deliver on Commitments Made During its Human Rights Review," CSO Working Group, 23 September 2020. Available at https://progressivevoicemyanmar.org/2020/09/23/cso-working-group-on-mnhrc-reform-call-on-the-myanmar-government-to-deliver-on-commitments-made-during-its-human-rights-review/

ပြည့်နှစ်မှစ၍ ကျရှုံးနေသည့်အာဏာလုယူရေး ကြိုးပမ်းမှုနောက်ပိုင်း MNHRC ၏ တစ်ရှိန်ထိုး ဆုတ်ယုတ်ကျဆင်းမှုများကြောင့် ၎င်းကို အဖတ်ဆယ်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်များအားလုံး ပျက်သုဉ်းသွားခဲ့သည်။

ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုတွင် ပါဝင်ခဲ့သော ဗိုလ်ချုပ်ကြီးဟောင်းတင်အောင် အပါအဝင် စစ်တပ်ကို ထောက်ခံသူအချို့နှင့် ယခင့်ယခင် စစ်အာဏာရှင်များနှင့် စစ်ဘက်အရာရှိဟောင်းများနှင့် ပတ်သက်ဆက်နွှယ်နေသူများက ကော်မရှင်အဖွဲ့ဝင်ဖြစ်နေကြသည့်အတွက် ကော်မရှင်အတွင်း စုဖွဲ့ထားသည့် ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးဆိုင်ရာ စုပေါင်းနားလည်တတ်ကျွမ်းမှုကပင် ကော်မရှင်ကို အဟန့်အတား ဖြစ်စေခဲ့သည်။[9] ၎င်းတို့၏ စိတ်နေစိတ်ထားများသည် စစ်တပ် သို့မဟုတ် အစိုးရအပေါ် သစ္စာစောင့်သိရန်နှင့် အောက်ကျို့ရသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြီးစဉ်ငယ်လိုက် အလွှာခွဲ စနစ်တွင် ခိုင်ခိုင်မာမာ အမြစ်တွယ်နေပြီး အမှီအခိုကင်းမှုနှင့် လူ့အခွင့်အရေးကို အလေးထားသော စိတ်နေစိတ်ထားမျိုး မဟုတ်ပေ။ ကော်မရှင်အဖွဲ့ဝင်များတွင် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ခိုင်မာသောဆက်စပ်မှု သို့မဟုတ် အတွေ့အကြုံရှိသူ တစ်ဦးတစ်ယောက်မျှ မပါဝင်သကဲ့သို့ ၎င်းတို့ကို ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးမှု သို့မဟုတ် အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ မြန်မာပြည်သူများနှင့် ဆွေးနွေးတိုင်ပင်မှု မရှိဘဲ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။[10] ၂၀၁၀ ပြည့်နှစ် ကာလများအတွင်း အလုပ်မဖြစ်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာ အလှူရှင်များ၊ အစိုးရများနှင့် INGO များသည် MNHRC အား စွမ်းရည်မြှင့်တင်ပေးရေးလုပ်ငန်းများအတွက် အချိန်နှင့်ငွေကြေးများစွာကို အချည်းအနှီး သုံးစွဲခဲ့ကြသည်။ ရဲတပ်ဖွဲ့နှင့် စစ်တပ်ကို လူ့အခွင့်အရေးစံနှုန်းများအကြောင်း ဟောပြောပို့ချခြင်းကဲ့သို့ လူ့အခွင့်အရေးမြှင့်တင်မှုလုပ်ငန်းများကို MNHRC က လုပ်ဆောင်ခဲ့သော်လည်း အဆိုပါလုပ်ငန်းစဉ်အများစုမှာ အနှစ်သာရ၊ တိုင်းတာ၍ရသော ရလဒ်များနှင့် နောက်ဆက်တွဲယန္တရားများ ကင်းမဲ့နေသည့်အပြင် ပို၍အရေးကြီးသည်မှာ လူ့အခွင့်အရေးအခြေခံမှုများအပေါ် စစ်မှန်သော အင်အားစိုက်ထုတ်မှုနှင့် ကတိကဝတ်ရှိမှုတို့ ကင်းမဲ့နေသည်။[11] ၎င်းသည် နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနတစ်ခုအနေဖြင့် လူ့အခွင့်အရေးကို ကာကွယ်ပေးရန် အစဉ်တစိုက် ပျက်ကွက်နေခဲ့ပြီး အာဏာရယူထားသူများကို လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် နိုင်ငံတကာ၏ ဝေဖန်ခြင်းမှ အကာအကွယ်ပေးရန် ဤတာဝန်ကို ရှောင်လွှဲခဲ့သည်။

MNHRC သည် တာထွက်ခဲ့ချိန်ကတည်းကပင် ခိုင်မာမှုမရှိဘဲ ပါရီအခြေခံမှုများအရ လုပ်ဆောင်ရမည့် ၎င်းတို့၏ ဝတ္တရားများနှင့် မြန်မာပြည်သူလူထုအပေါ် တာဝန်ရှိမှုကို ပျက်ကွက်၍ အာဏာရှိသူများနှင့် အဆင်ပြေရေး ပေါင်းသင်းလုပ်ဆောင်ခဲ့သည်ကို ဒေသတွင်းရှိ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများ၏ စွမ်းဆောင်ရည်ကို ဆန်းစစ်အကဲဖြတ်သည့် ANNI ၏ အစီရင်ခံစာများတွင် နှစ်နှင့်ချီ၍ ဖော်ပြခဲ့ပြီး ဖြစ်သည်။[12] ထိုပျက်ကွက်မှုကာလများတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဦးဆောင်သော အစိုးရကို မျက်နှာမူသည့်အချိန်များ ရှိခဲ့သော်လည်း MNHRC အနေဖြင့် မြန်မာစစ်တပ်နှင့် အတူရပ်တည်နေမှုက အမှန်တရားကို ဖုံးကွယ်ရန် လုပ်ဆောင်ခြင်းသာ ဖြစ်သည်။ မအောင်မြင်နေသော အာဏာလုယူရေးကြိုးပမ်းမှု စတင်ချိန်ကတည်းကပင် MNHRC သည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ပကတိအရှိတရားကို ဖြေရှင်းခြင်းမပြုဘဲ မသိလိုက်မသိဘာသာနေကာ အရှက်မဲ့စွာဖြင့် မြန်မာစစ်တပ်နှင့် ပလဲနံပသင့်ရေးကိုသာ တက်တက်ကြွကြွ လုပ်ဆောင်ခဲ့သည်။ ဒေသတွင်းနှင့် နိုင်ငံတကာဖိုရမ်များရှိ MNHRC ၏ ပါဝင်ဆောင်ရွက်မှုများကို စစ်အုပ်စုက ၎င်း၏ ဝါဒဖြန့်ချိရေးအဖြစ် အသုံးချခြင်း၊ ၎င်းတို့၏အာဘော်ကို ထုတ်ဝေသည့် မီဒီယာများမှ

---

9 “Myanmar: You’re the Devil in Disguise – The Duplicitous, Obsolete MNHRC,” Chapter 5 of the ANN Report 2020. Available at https://forum-asia.org/?p=36231. Also, the Working Group’s Extended Chapter of the ANNI Report. Available at https://progressivevoicemyanmar.org/2021/12/14/youre-the-devil-in-disguise-the-duplicitous-obsolete-mnhrc/

10 CSO Working Group, “Selection Process of New Commissioners for the MNHRC Must be Transparent and Inclusive,” 25 July 2019. Available at https://forum-asia.org/?p=29344
Nyein Nyein “Reform of Myanmar Human Rights Commission Lacks Transparency, Critics Say,” The Irrawaddy, 15 January 2020. Available at https://www.irrawaddy.com/news/burma/reform-myanmar-human-rights-commission-lacks-transparency-critics-say.html

11 MNHRC News and Events. Available at https://mnhrc.org.mm/all-news

12 ANNI Reports. Available at https://forum-asia.org/?page_id=19132

တစ်ဆင့် တရားဝင်မှု ရရှိရေးအတွက် အစားအဖြစ်အသုံးပြုခြင်း၊ နှင့် လူ့အခွင့်အရေးကိစ္စရပ်များကို ၎င်းတို့ ကိုင်တွယ်ဆောင်ရွက်နေသယောင် အပေါ်ယံဖုံးပြခြင်းအဖြစ် အသုံးချခဲ့သည်။[13] MNHRC ကော်မရှင်အဖွဲ့ဝင်များသည် စစ်အုပ်စု၏ ရာဇဝတ်မှုများတွင် အလိုတူအလိုပါ လုပ်နေပြီး အဆိုးယုတ်ဆုံးနှင့် လူမဆန်ဆုံးသော လုပ်ရပ်များကိုပင် မသိကျိုးကျွံပြုကာ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး ဖြစ်ထွန်းမှုများကိုလည်း အင်တိုက်အားတိုက် ပိတ်ဆို့နေလျက်ရှိသည်။[14]

အာဏာသိမ်းရေး ကြိုးပမ်းမှု စတင်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းကပင် မြန်မာစစ်တပ်သည် မြန်မာပြည်သူလူထုအပေါ် မီးကုန်ယမ်းကုန်စစ်ပွဲတစ်ရပ်ကို ကျူးလွန်နေပြီး မြန်မာနိုင်ငံသည်လည်း နိုင်ငံအနှံ့ဖြစ်ပွားသော တင်းပြည့်ကျပ်ပြည့် ပြည်တွင်းစစ်တစ်ခုဆီသို့ ရောက်ရှိနေပြီ ဖြစ်သည်။ အရပ်သားများအပေါ် ပစ်မှတ်ထား သတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ လေကြောင်းတိုက်ခိုက်မှု၊ ထင်ရာစိုင်းဖမ်းဆီးမှု၊ တရားလက်လွတ်သတ်ဖြတ်မှု၊ လိင်နှင့် လိင်စိတ်ခံယူမှုအခြေပြုသော အကြမ်းဖက်မှု၊ နိုင်ငံရေး အထင်ကရပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ညှဉ်းပန်းနှိပ်စက်မှုများ အပါအဝင် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများသည် ယခင်က တစ်ခါမျှ မကြုံခဲ့ဖူးသည့် ယုတ်ကန်းမှုအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။[15] ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ ရရှိထားသော အချက်အလက်များအရ စစ်အုပ်စုသည် (ကလေး ၂၉၂ ဦး အပါအဝင်) လူပေါင်း ၃,၀၀၀ ကျော်ကို အညှာအတာမဲ့ သတ်ဖြတ်ပြီး၊ ၂၀,၀၀၀ နီးပါးကို တရားလက်လွတ်ဖမ်းဆီးကာ၊ ၁၆,၀၀၀ ကျော်သောလူဦးရေမှာ ဆက်လက်၍အကျဉ်းချခံထားရဆဲဖြစ်ပြီး ယင်းတို့အနက် ၁၀၀ ဝန်းကျင်မှာ သေဒဏ်ချမှတ်ခံထားရသည်။[16] ကိုးကွယ်ဝတ်ပြုရာနေရာများ၊ ကျောင်းများနှင့် ဆေးရုံများကို ပစ်မှတ်ထားခြင်းနှင့်အတူ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအပါအဝင် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေသည်။[17]

စစ်အုပ်စု၏ နေ့စဉ်တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများမြောက်ကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် တွမ်အင်ဒရူးက ၂၀၂၂ ခုနှစ် ဇွန်လ

---

13 "Myanmar National Human Rights Comission joins 19 Annual Meeting of Southeast Asia National Human Rights Forum (SEANF)," Global New Lights of Myanmar, 2 December 2022. Available at https://www.gnlm.com.mm/myanmar-national-human-rights-commission-joins-19th-annual-meeting-of-southeast-asia-national-human-rights-institutions-forum-seanf/

14 One key indicator of this are the statements from the MNHRC compared to the wealth of evidence of atrocity crimes reported from the ground by Myanmar civil society, UN and INGOs. MNHRC Statements. Available at https://mnhrc.org.mm/statements
"Nowhere to Run: Deepening Humanitarian Crisis in Myanmar," 7 September 2021, Human Rights Foundation of Monland, Kachin Women's Association Thailand, Karen Human Rights Group, Karen Peace Support Network, Karen Women's Organization, Karenni Civil Society Network, Karenni National Women's Organization, Pa-O Women's Union, Progressive Voice and Ta'ang Women's Organization. Available at https://progressivevoicemyanmar.org/wp-content/uploads/2021/09/No-Where-To-Run-Eng.pdf.
"Report of the Special Rapporteur on the situation of human rights in Myanmar, Thomas H. Andrews," Human Rights Council, 28 February – 1 April 2022, A/HRC/49/76. Available at https://reliefweb.int/report/myanmar/report-special-rapporteur-situation-human-rights-myanmar-thomas-h-andrews-ahrc4976#:~:text=The%20Special%20Rapporteur%20is%20inspired,and%20Member%20States%20to%20take.
"Myanmar: Abuses Mount Since Military Coup," Human Rights Watch, 12 January 2023. Available at https://www.hrw.org/news/2023/01/12/myanmar-abuses-mount-military-coup

15 "Launch of a Briefing Paper Humanitarian Crisis in Myanmar's Dry Zone," Progressive Voice, 31 August 2022. Available at https://progressivevoicemyanmar.org/2022/08/23/media-advisory-launch-of-a-briefing-paper-on-the-humanitarian-crisis-in-myanmars-dry-zone/

16 "Daily Briefing in Relation to the Military Coup," Assistance Association for Political Prisoners, 24 February 2023. Available at https://aappb.org/?p=24276

17 "Launch of a Briefing Paper Humanitarian Crisis in Myanmar's Dry Zone," Progressive Voice, 31 August 2022. Available at https://progressivevoicemyanmar.org/2022/08/23/media-advisory-launch-of-a-briefing-paper-on-the-humanitarian-crisis-in-myanmars-dry-zone/

တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံသို့ ထပ်လောင်းတင်ပြခဲ့သည်။[18] အဆိုပါ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများတွင် တိုင်းရင်းသားဒေသများနှင့် မြန်မာနိုင်ငံအပူပိုင်းဒေသရှိ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားသည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ ပြီးခဲ့သော နိုဝင်ဘာလတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ ဂီတဖျော်ဖြေပွဲတစ်ခုတွင် လူပေါင်း ၈၀ ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်၊ နှင့် အနည်းဆုံး ကလေး ၁၁ ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့ပြီး ဆရာ၊ ဆရာမ သုံးဦးနှင့် ကျောင်းသူ ကျောင်းသား ၁၄ ဦး ထိခိုက်ဒဏ်ရာရစေခဲ့သည့်အပြင် ကလေးသူငယ်များအပါအဝင် နောက်ထပ်သော လူဦးရေ ၁၅ ဦး ပျောက်ဆုံးစေခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာရှိ စာသင်ကျောင်း တစ်ကျောင်းကို လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တို့အပါအဝင် မရေးမနှောင်းကဖြစ်ပွါးခဲ့သော ကြောက်မက်ဖွယ်တိုက်ခိုက်မှုဖြစ်စဉ်များ ပါဝင်သည်။ အဆိုပါ တိုက်ခိုက်မှုမှာ ကြိုတင်သတိပေးခြင်းမရှိဘဲ ကလေးသူငယ်များ ကျောင်းတက်နေစဉ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ရာ ယင်းလုပ်ရပ်က စစ်အုပ်စုသည် စာသင်ကျောင်းများ၊ ဝတ်ပြုကိုးကွယ်ရာနေရာများနှင့် ဆေးရုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေကြောင်း ပေါ်လွင်ထင်ရှားပေသည်။[19] အဆိုပါဖြစ်ရပ်များက လူပေါင်းတစ်သန်းကျော်ကို အရေးပေါ် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်စေခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးအပေါ်လိုအပ်သည့် အခြေအနေသို့ တွန်းပို့ပေးခဲ့သည့် မရေတွက်နိုင်အောင် များပြားလှသော တိုက်ခိုက်မှုများထဲမှ အနည်းငယ်သာ ဖြစ်သည်။[20] စစ်အုပ်စုသည် ၂၀၂၃ ခုနှစ်၏ နှစ်ဦးပိုင်းမှာပင် လေကြောင်းတိုက်ခိုက်မှုများ အထူးသဖြင့် ကရင်နှင့် ချင်းပြည်နယ်များတွင် ပြင်းပြင်းထန်ထန် ဆက်လက်ပြုလုပ်နေရာ အရပ်သားပြည်သူများကို ကာကွယ်ရန် အရေးပေါ်လုပ်ငန်းစဉ်များ လိုအပ်နေသည်။[21] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာလုယူရေး ကြိုးပမ်းမှုနောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၄၆၀ သေဆုံးထားပြီး မြေပြင်တွင် ထိုထက်ပိုများနိုင်ကြောင်းကို မြန်မာပြည်သူများ၏ ဆန္ဒနှင့်အညီ ၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ်အရ ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရက အတည်ပြုသည်။[22] တစ်ချိန်တည်းတွင် MNHRC သည် စစ်အုပ်စု၏ ရာဇဝတ်မှုများတွင် တိတ်တဆိတ် အလိုတူအလိုပါအဖြစ် တစ်ချိန်လုံး ရပ်တည်လာခဲ့သည်။

ကျရှုံးနေသော အာဏာသိမ်းရေး ကြိုးပမ်းမှုဖြစ်စဉ်တွင် မြန်မာနှင့် ဒေသတွင်း အရပ်ဘက်လူထုအဖွဲ့အစည်းများက အလွန်အရေးကြီးသောကာလအတွင်း ပြည်သူလူထု၏ ရပိုင်ခွင့်များ လေးစားမှုရှိစေရေးအတွက် MNHRC ကို လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ တိုင်ကြားချက်များအားလုံး စုံစမ်းစစ်ဆေးရန်နှင့် ၎င်း၏လုပ်ပိုင်ခွင့်နှင့် အာဏာကို ကျင့်သုံးရန် တောင်းဆိုခဲ့သော်လည်း အရာမထင်ခဲ့ဘဲ လျစ်လျူရှုခံခဲ့ရသည်။[23] MNHRC ခိုင်မာအားကောင်းစေရေးနှင့် ပံ့ပိုးကူညီရေးတို့ကို နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့သည့်ကြားက ယင်းကဲ့သို့ လျစ်လျူရှုခံရပြီးနောက် မြန်မာနှင့် ဒေသ

---

18 “UN Expert Releases New Report Documenting Military Junta’s Impact on Myanmar’s Children, Urges Immediate Coordinated Action to Prevent “A Lost Generation,” Press Release and Report, OHCHR, 14 June 2022. Available at https://www.ohchr.org/en/press-releases/2022/06/un-expert-releases-new-report-documenting-military-juntas-impact-myanmars

19 “Setting the Tinderbox Alight – The Humanitarian Crisis in Myanmar’s Dry Zone,” Progressive Voice, 31 August 2022. Available at https://progressivevoicemyanmar.org/2022/08/31/setting-the-tinderbox-alight-the-humanitarian-crisis-in-myanmars-dry-zone/
“Nightmare in Kachin as Airstrikes Constitute Deadliest Single Junta Attack,” Progressive Voice, 7 November 2022. Available at https://progressivevoicemyanmar.org/2022/11/07/nightmare-in-kachin-as-airstrikes-constitute-deadliest-single-junta-attack/
“Eleven Children Killed, Many Injured as Myanmar Junta Helicopter, Troops Attack Monastery,” The Irrawaddy, 19 September 2022. Available at https://www.irrawaddy.com/news/burma/eleven-children-killed-many-injured-as-myanmar-junta-helicopter-troops-attack-monastery.html

20 “Humanitarian Update No.25,” United Nations Office for the Coordination of Humanitarian Affairs, 30 December 2022. Available at https://www.unocha.org/myanmar

21 “For the Myanmar Junta, Peace Means War,” Progressive Voice, 21 January 2023.
Available at https://progressivevoicemyanmar.org/2023/01/21/for-the-myanmar-junta-peace-means-war/

22 Hein Htoo Zan “Myanmar Junta Jet Bombs Church, Killing Child, Mother and 2 Pastors,” The Irrawaddy, 13 January 2023. Available at https://www.irrawaddy.com/news/burma/myanmar-junta-jets-bomb-church-killing-child-mother-and-2-pastors.html

23 ‘Myanmar National Human Rights Commission (MNHRC) Must Denounce the Military Coup and Uphold Fundamental Rights of Peoples’, ANNI, 16 February 2021. Available at https://forum-asia.org/?p=33900

တွင်း အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ကွန်ရက်များသည် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်သူများမှ MNHRC နှင့် ဆက်ဆံမှုများကို ယတိပြတ် ဖြတ်တောက်ရန် တောင်းဆိုခဲ့သည်။[24] SEANF၊ APF နှင့် GANHRI အဖွဲ့တို့အပေါ် အများပြည်သူ၏ ယုံကြည်လက်ခံမှုနှင့် ယင်းအဖွဲ့တို့၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်အာဏာ ဖြည့်ဆည်းနိုင်စွမ်းအပေါ် ခြိမ်းခြောက်နေသည့် MNHRC ကို ထိတွေ့ဆက်ဆံမှု မပြုလုပ်ရန်အတွက် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများက အဆိုပါအဖွဲ့အစည်းများကို အလေးပေးတောင်းဆိုခဲ့ကြသည်။ အဆိုပါအဖွဲ့အစည်းများကို မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများက ANNI အစီရင်ခံစာများမှတစ်ဆင့် အချက်အလက်များ မျှဝေပေးခဲ့သည့်အပြင် MNHRC နှင့်ထိတွေ့ဆက်ဆံနေမှုအပေါ် အိတ်ဖွင့် ပေးစာ သို့မဟုတ် ထုတ်ပြန်ကြေညာချက်များကို SEANF ထံ (၂၀၂၁ မတ်လ ၁၁ ရက်၊ ၂၀၂၁ မေလ ၅ ရက်)၊ APF ထံ (၂၀၂၁ မတ်လ ၁၁ ရက်၊ ၂၀၂၁ မေလ ၂၀ ရက် နှင့် ၂၀၂၂ ဇွန်လ ၃၀ ရက်) နှင့် GANHRI ထံ (၂၀၂၁ မတ်လ ၂၁ ရက်၊ ၂၀၂၂ ဇွန်လ ၃၀ ရက်) တို့၌ အသီးသီး ပေးပို့ထုတ်ပြန်ခဲ့သည်။[25]

ကြီးမားသောလူထုဆန္ဒပြပွဲများနှင့် အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု အပါအဝင် ခုခံတော်လှန်မှု ပုံစံအမျိုးမျိုးမှတစ်ဆင့် ကျရှုံးနေသည့် အာဏာသိမ်းရေးကြိုးပမ်းမှုကို တိုက်ရိုက်ဖီဆန်သည့် မြန်မာ့နွေဦးတော်လှန်ရေးက တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီနစ်ကို လိုလားသော မြန်မာပြည်သူတို့၏ ခိုင်မာသည့်ဆန္ဒနှင့် လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက် ၎င်းတို့၏ အံတုခုခံနိုင်စွမ်းကို ပြသခဲ့ပြီ ဖြစ်သည်။ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ထောက်ခံသည့်အနေဖြင့် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများသည် MNHRC က လုပ်ဆောင်သင့်သည့် လုပ်ငန်းများဖြစ်သော စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းကောက်ယူခြင်းနှင့် သက်သေစုဆောင်းခြင်းများဖြစ်သော ၎င်းတို့၏ တန်ဖိုးရှိသောအလုပ်များကို အရှိန်မြှင့်၊ ဆက်လက်လုပ်ဆောင်လာခဲ့သည်။[26] ယင်းအပြင် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများသည် စားနပ်ရိက္ခာ၊ ဆေးဝါး၊ ခိုလှုံရာနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးအသုံးအဆောင်များ စသည့် အခြေခံလိုအပ်သောအရာများကို ပေးပို့ဖြန့်ဝေရာတွင် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ကြီးမားကျယ်ပြန့်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ဖြေရှင်း နေကြသည်။[27] အဆိုပါ အရပ်ဘက်လူထုအဖွဲ့အစည်းများက ကြီးမားကျယ်ပြန့်လွန်းလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြန်ပြင်၍မရနိုင်တော့သော MNHRC ၏ အခြေအနေများအား တုံ့ပြန်ရာတွင် ပြည်ထောင်စုလူ့အခွင့်အရေးကော်မရှင် ဥပဒေမှတစ်ဆင့်

---

24 ‘International Partners Must End All Cooperation with the Myanmar National Human Rights Commission,’ CSO Working Group and 56 Local and Regional CSOs and Networks. Available at https://progressivevoicemyanmar.org/2021/03/11/international-partners-must-end-all-cooperation-with-the-myanmar-national-human-rights-commission/

25 ‘International Partners Must End All Cooperation with the Myanmar National Human Rights Commission,’ CSO Working Group and 56 Local and Regional CSOs and Networks. Available at https://progressivevoicemyanmar.org/2021/03/11/international-partners-must-end-all-cooperation-with-the-myanmar-national-human-rights-commission/
“SEANF Must Suspend MNHRC Until NUG Reconstitutes a New Human Rights Commission,” CSO Working Group, ANNI and 13 Regional Civil Society Organizations, 5 May 2021. Available at https://progressivevoicemyanmar.org/2021/05/05/seanf-must-suspend-mnhrc-until-nug-reconstitutes-a-new-human-rights-commission/
“Open Letter: Myanmar Junta Participation in the Environmental Rights and Climate Change Workshop,” 30 June 2022, Working Group. Available at https://progressivevoicemyanmar.org/2022/06/30/open-letter-myanmar-junta-participation-in-the-environmental-rights-and-climate-change-workshop/
“Myanmar: You’re the Devil in Disguise – The Duplicitous, Obsolete MNHRC,” Chapter 5 of the ANN Report 2020. Available at https://forum-asia.org/?p=36231.

26 “Nowhere to Run: Deepening Humanitarian Crisis in Myanmar,” 7 September 2021, Human Rights Foundation of Monland, Kachin Women’s Association Thailand, Karen Human Rights Group, Karen Peace Support Network, Karen Women’s Organization, Karenni Civil Society Network, Karenni National Women’s Organization, Pa-O Women’s Union, Progressive Voice and Ta’ang Women’s Organization. Available at https://progressivevoicemyanmar.org/wp-content/uploads/2021/09/No-Where-To-Run-Eng.pdf. Included among the numerous groups reporting on human rights abuses are Karen Women’s Organization, Karen Human Rights Group, Karen Peace Support Network, Women’s Peace Network, Kachin Women’s Association Thailand, Human Rights Foundation of Monland, Kachin Women’s Association Thailand, ND-Burma, Women’s League of Burma, Assistance Association for Political Prisoners, Karenni Civil Society Network, Shan Human Rights Organizations, Equality Myanmar, Athan, Free Expression Myanmar, Karenni National Women’s Organization, Pa-O Women’s Union, Progressive Voice and Ta’ang Women’s Organization

27 Ibid.

လူ့အခွင့်အရေး ကော်မရှင်အသစ် တစ်ရပ်ကို ဖွဲ့စည်းရန် အဆိုပြုထားပြီး ဖြစ်သည်။[28] သို့ဖြင့် SEANF၊ APF နှင့် GANHRI တို့အနေဖြင့် MNHRC ကို အလုပ်ဖြစ်သော၊ ယုံကြည်စိတ်ချရသော NHRI တစ်ခုအဖြစ် ဆက်လက်ဆက်ဆံနေခြင်းသည် စစ်အုပ်စုမှ မြန်မာပြည်သူများအပေါ် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ပြောင်ပြောင်တင်းတင်း ဆက်လက်ကျူးလွန်စေရန် ခွင့်ပြုနေခြင်းပင် ဖြစ်သည်။ ခေတ်သစ်ကမ္ဘာ့သမိုင်းတွင် အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆယ်စုနှစ်များစွာ ကျူးလွန်နေသည့် မြန်မာစစ်အုပ်စု၏ လက်ဝေခံအဖွဲ့တစ်ခုနှင့် ဆက်လက်ထိတွေ့ဆက်ဆံနေခြင်းသည် မြန်မာပြည်သူများ၏ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီအရေး ရုန်းကန်မှုများ၊ စတေးမှုများကို ထိခိုက်နစ်နာစေသည်။ ထို့ပြင်မက ရေရှည်တည်ရှိနေပြီးသော မြန်မာ့လူ့အခွင့်အရေးနယ်ပယ်အဝန်းအဝိုင်း၏ အလုပ်ကို ထိခိုက်စေသည့်အပြင် လူ့အခွင့်အရေးကာကွယ်ခြင်းဟူသော အမည်အောက်ရှိ အဆိုပါဌာနများအပေါ် ထားရှိသည့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ကိုးစား၊ ယုံကြည်မှုကိုလည်း ယုတ်လျော့စေသည်။

## ၀၃ MNHRC ၏ စွမ်းဆောင်ရည်

MNHRC ကို GANHRI–SCA က ‘B’ အဆင့် သတ်မှတ်ခဲ့သည်မှာ ၂၀၁၅ ခုနှစ်ကဖြစ်ပြီး လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ပကတိမြေပြင်အခြေအနေနှင့် အံဝင်ခွင်ကျ မရှိတော့ပေ။ ထိုအချိန်မှစ၍ ဖြစ်ပေါ်သော ကြောက်ခမန်းလိလိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို MNHRC က လုံးလုံးလျားလျား မျက်ကွယ်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ်၌ MNHRC ကို အဆင့်သတ်မှတ်ရာတွင် GANHRI–SCA က ကော်မရှင်နှင့် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ ပြဿနာရှိနေသည့် အချက်ခုနှစ်ချက်ကို ထောက်ပြခဲ့သည်။ ၎င်းတို့မှာ (က) ကော်မရှင်အဖွဲ့ဝင် ရွေးချယ်မှုနှင့် ခန့်အပ်မှု (ခ) လူထုအုံကြွမှု သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများအတွင်း စွမ်းဆောင်မှု (ဂ) အလွှာစုံပါဝင်မှု (ဃ) လုံလောက်သောဘဏ္ဍာငွေနှင့် ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်အမှီအခိုကင်းမှု (င) လွတ်လပ်မှု ကန့်သတ်ခံထားရသော နေရာများကို စောင့်ကြည့်လေ့လာမှု (စ) နိုင်ငံတကာလူ့အခွင့်အရေးစနစ်များနှင့် အပြန်အလှန် ဆက်စပ်လုပ်ဆောင်မှု (ဆ) နှစ်စဉ်အစီရင်ခံတင်ပြမှုတို့ ဖြစ်သည်။[29] ဤစာတမ်းသည် MNHRC ၏ လက်ရှိစွမ်းဆောင်ရည်ကို မီးမောင်းထိုးဖော်ပြရန်အတွက် ထိုအချက်များထဲမှအချို့ကို အောက်တွင် ဆန်းစစ်သုံးသပ်သွားမည် ဖြစ်သည်။ ၂၀၁၅ ခုနှစ်ကတည်းကပင် MNHRC သည် ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်မှုကို အသိအမှတ်ပြုရန် သို့မဟုတ် ရိုဟင်ဂျာများ၏ ဝိသေသလက္ခဏာကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ခြင်း၊[30] အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) တွင် ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်မှုကို ငြင်းဆန်ရန် တက်ရောက်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ခြင်း၊ တိုင်းရင်းသားလူမျိုးစုအသိုင်းအဝိုင်းများ ဘာသာရေးအစု

---

28 “Time for the Emergence of a New National Human Rights Commission Representing the People of Myanmar,” 7 August 2022, CSO Working Group and 32 Myanmar Civil Society Organizations. Available at https://progressivevoicemyanmar.org/2022/08/07/time-for-the-emergence-of-a-new-national-human-rights-commission-representing-the-people-of-myanmar/
“Myanmar Civil Society Proposes New Union Human Rights Commission Law Amid Ongoing Campaign of Terror by the Myanmar Military Junta, Urges Its Swift Adoption,” 14 December 2021, CSO Working Group on MNHRC Reform and Asian NGO Network on National Human Rights Institutions.
Available at https://progressivevoicemyanmar.org/2021/12/14/myanmar-civil-society-proposes-new-union-human-rights-commission-law-amid-ongoing-campaign-of-terror-by-the-myanmar-military-junta-urges-its-swift-adoption/

29 Report and Recommendations of the Session of the Sub-Committee on Accreditation (SCA), Section 2-3. International Coordinating Committee of National Institutions for the Promotion and Protection of Human Rights, 16-20 November, 2015. https://www.ohchr.org/sites/default/files/Documents/Countries/NHRI/GANHRI/SCA_FINAL_REPORT_-_NOVEMBER_2015-English.pdf

30 Joint Submission to the UN Human Rights Council Universal Period Review (37th Session of the Working Group): Myanmar National Human Rights Commission, 9 July 2020. Available at https://progressivevoicemyanmar.org/2020/07/09/burma-myanmar-joint-submission-to-the-un-universal-periodic-review-37th-session-of-the-working-group-myanmar-national-human-rights-commission/#_edn10

အဖွဲ့များနှင့် LGBTQI+ များ၏ ရပိုင်ခွင့်များကို ဆက်လက် ငြင်းပယ်ခဲ့ခြင်း၊ မြန်မာစစ်တပ်၏ တိုင်းရင်းသားလူမျိုးစုများ အပေါ် ဆက်လက်ဆင်နွှဲနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေး တောင်းဆိုရန် ပျက်ကွက်ခဲ့ခြင်း၊ နှင့် အခြား မရေမတွက်နိုင်သည့် သာဓကကိစ္စရပ်များ အပါအဝင် ထပ်ဖန်တလဲလဲ ပျက်ကွက်မှုများ ရှိခဲ့သည်။[31]

MNHRC သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းက ဖြစ်ပွားသော မြေပြင်မှ ဆိုးရွားပြင်းထန်လှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တမင်တကာ ရည်ရွယ်ချက်ရှိရှိ မသိကျိုးကျွံပြုနေသည့်တစ်ချိန်တည်းတွင် စစ်အုပ်စုကို ထောက်ခံသည့် ကြေညာချက်များကို တစ်လျှောက်လုံး ထုတ်ပြန်လာခဲ့သည်။ ယင်း ထုတ်ပြန်ချက်များ ထဲတွင် အခြေခံလွတ်လပ်ခွင့်များ ချိုးဖောက်ခံရပြီး စစ်အုပ်စု၏ မတရားဖမ်းဆီးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ လိင်နှင့် လိင်စိတ်ခံယူမှုအခြေခံသော အကြမ်းဖက်မှု ခံရခြင်း၊ ကွက်မျက်ခံရခြင်း၊ တရားလက်လွတ် သတ်ဖြတ်ခံရခြင်း၊ အစားအသောက် ဖြတ်တောက်ခံရခြင်း၊ ပြည့်ကြပ်ပြီး သန့်ရှင်းမှု မရှိသော အခြေအနေများနှင့် ရင်ဆိုင်နေရသော အကျဉ်းသားများ၏ အခြေအနေများကို ဖျောက်ဖျက်ရန်အတွက် အကျဉ်းသားများ လွှတ်ပေးခြင်းအပေါ် ကြိုဆိုသည့် ထုတ်ပြန်ကြေညာချက်တစ်စောင်လည်း အပါအဝင်ဖြစ်သည်။[32] MNHRC သည် ကျရှုံးနေသည့် အာဏာလုယူရေးကြိုးပမ်းမှု စတင်ချိန်ကတည်းကပင် ထောင်တွင်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လာခဲ့ပြီး အကျဉ်းသားများအပေါ် ညှဉ်းပန်းနှိပ်စက်မှု၊ ဆိုးရွားစွာဆက်ဆံမှုနှင့် သတ်ဖြတ်မှုများရှိနေကြောင်း အထောက်အထားအခြေခံသည့် အစီရင်ခံစာပေါင်း မြောက်များစွာကို သတင်းမီဒီယာများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများက အကျယ်တဝင့်ဖော်ပြမှုများ ရှိနေသည့်တိုင် အဆိုပါ အကျဉ်းထောင်များသည် လူ့အခွင့်အရေးနှင့် ကိုက်ညီသည်ဟု ၎င်းက အပေါ်ယံစစ်ဆေးပြီး တင်ပြထားသည်။[33] ထို့နောက် စစ်အုပ်စုက ၎င်းတို့၏ ဝါဒဖြန့်မီဒီယာများတွင် MNHRC ၏ "အောင်မြင်သည့်" ထောင်တွင်း အခြေအနေ စစ်ဆေးမှုများ ဟူ၍ ရေးသားဖော်ပြကြသည်။[34] MNHRC သည် စစ်အုပ်စု၏ ထောင်တွင်းစီမံကွပ်ကဲမှု အချို့ ဖြစ်စဉ်များတွင် စစ်အုပ်စုတပ်သားများ၏ ထောင်တွင်းစီမံကွပ်ကဲမှုကို ထောက်ခံနေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ကိုမူ လျစ်လျူရှုထားသည်။ စစ်အုပ်စုသည် လူ့အခွင့်အရေးဌာနတစ်ခုထားရှိပြီး အကျဉ်းထောင်များကို စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းတို့ကို လုပ်ဆောင်စေခြင်းဖြင့် ၎င်းတို့၏ ရာဇဝတ်မှုများကို ဖုံးကွယ်ရန် ကြိုးပမ်းလျက်ရှိကာ စုံစမ်းစစ်ဆေးမှုများနှင့် ဝေဖန်မှုများကို တားဆီးရှောင်ရှားနိုင်ရန်အတွက် ဤအကြောင်းခြင်းရာများကို နိုင်ငံတကာအသိုင်းအဝိုင်း၏ ရှေ့မှောက်တွင် ထုတ်ဖော်ပြသလျက်ရှိသည်။[35]

MNHRC သည် စစ်အုပ်စုနှင့် လူချင်းတွေ့ဆုံဆွေးနွေးသကဲ့သို့ ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်များနှင့် တုံ့ပြန်ချက်များကိုလည်း စစ်အုပ်စု၏အာဘော်နှင့် တစ်ညီတည်းဖြစ်စေရန် ညှိနှိုင်းထားသည်။[36] စစ်တပ်နှင့် အစိုးရတို့၏ လေသံအတိုင်း သံယောင်လိုက်သည့် အဆိုပါပုံစံသည် အမှန်တကယ်မှာ အသစ်အဆန်း မဟုတ်ပေ။ တတိယအကြိမ် အပြည်

---

[31] "Myanmar: You're the Devil in Disguise – The Duplicitous, Obsolete MNHRC," Chapter 5 of the ANN Report 2020. Available at https://forum-asia.org/?p=36231.

[32] "Political Prisoners Experience in Interrogation, Judiciary, and Incarceration Since Burma's Illegitimate Military Coup," Assistance Association for Political Prisoners, 23 March 2022. Available at https://aappb.org/?p=20734. "Detained but Not Forgotten," Progressive Voice, 28 March 2022. Available at https://progressivevoicemyanmar.org/2022/03/28/detained-but-not-forgotten/
"Statement of the MNHRC on the inspection visits of prisons, jails, detention centres and police lock-ups from January to May 2022, Statement No. (3/2022)," 1 June 2022. Available at https://mnhrc.org.mm/statements/en/print/49, "Myanmar National Human Rights Commission Statement No. (1/2023)," 7 January 2023. Available at https://mnhrc.org.mm/statements/en/print/81

[33] Ibid.

[34] "MNHRC Member Inspects Prisons, Court Detention Centres in Kengtung, Tachilek," Global New Light of Myanmar, 13 January 2022. Available at https://www.gnlm.com.mm/mnhrc-member-inspects-prisons-court-detention-centres-in-kengtung-tachilek/

[35] "Myanmar National Human Rights Commission Press Release on complaints submitted to the Commission and inspection of prisons and detention centres, Press Release No. 1/2022," 8 February 2022. Available at https://mnhrc.org.mm/statements/en/print/16
Also see, Statement No. 10/2021 (https://mnhrc.org.mm/statements/en/print/27).

[36] 'Union Minister Dr. Thet Thet Khine Received Officials from MNHRC,' The Global New Light of Myanmar, 19 May 2021. Available at https://www.gnlm.com.mm/#article-title-thet-thet-khine-receives-officials-from-mnhrc/#article-title
"Myanmar: You're the Devil in Disguise – The Duplicitous, Obsolete MNHRC," Working Group's Extended Chapter of the ANNI Report. Available at https://progressivevoicemyanmar.org/2021/12/14/youre-the-devil-in-disguise-the-duplicitous-obsolete-mnhrc/

ပြည်ဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်ဆွေးနွေးပွဲ (Universal Period Review – UPR) တွင် MNHRC က NLD ဦးဆောင်သော အစိုးရနှင့် မြန်မာစစ်တပ်၏ ရပ်တည်ချက်ကို သံယောင်လိုက်ထားသည့် အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ၎င်းတင်သွင်းခဲ့သည့် အစီရင်ခံစာတွင် ဓမ္မဓိဌာန်ကျကျ သုံးသပ်ထားခြင်း မရှိသကဲ့သို့ ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်မှု၊ ကရင်၊ ရှမ်း၊ ကချင်၊ ရခိုင်နှင့် ချင်းပြည်နယ်များအပါအဝင် တိုင်းရင်းသားဒေသများတွင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ အပါအဝင် UPR အစီရင်ခံစာလွှမ်းခြုံကာလဖြစ်သော ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စစ်တပ်က ကျူးလွန်ခဲ့သည့် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထည့်သွင်းခြင်း မရှိခဲ့ပေ။ မကြာသေးမီကလည်း MNHRC သည် စစ်အုပ်စု၏ လုပ်ရပ်များကို ထောက်ခံသည့် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခြင်း၊ စစ်အုပ်စု၏ "ငြိမ်းချမ်းရေးနှစ်"[37] ဆိုသည်ကို ထောက်ခံခြင်းအပြင် ယခုစာတမ်းတွင် မီးမောင်းထိုးတင်ပြထားသော ဆိုးရွားလှသည့် ထောင်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေလင့်ကစား စစ်အုပ်စု၏ လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်စလုံးကို ထောက်ခံသော ထုတ်ပြန်ကြေညာချက်များကိုသာ ထုတ်ပြန်ခဲ့သည်။[38]

MNHRC ၏ ပျက်ကွက်မှုများနှင့် ကျရှုံးမှုများသည် မင်းအောင်လှိုင်၏ မအောင်မြင်နေသော အာဏာလုယူရေးကြိုးပမ်းမှု ခေတ်ကာလအထိပင် ကျော်လွန်လာခဲ့ပြီ ဖြစ်သော်လည်း ၎င်းသည် ခေါင်းဆိုက်ဆုတ်ယုတ်မှုကို ဆက်လက်ဖြစ်စေခြင်းသာမက ဆယ်စုနှစ်များစွာချီသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်ပေးခြင်းအားဖြင့် အကြမ်းဖက်စစ်အုပ်စုကို ပံ့ပိုးပေးလျက်ရှိသည်ဖြစ်ရာ NHRI တစ်ခု၏ လူ့အခွင့်အရေးကို မြှင့်တင်၊ ကာကွယ်ပေးရမည့် အခြေခံတာဝန်ကို ချိုးဖောက်နေသည်။

# ၀၄ ပါရီအခြေခံမူများ

ဤအပိုင်းတွင် ပါရီအခြေခံမူများနှင့် တိုက်ရိုက်ဆက်စပ်သည့် MNHRC ၏ အဓိက ပျက်ကွက်မှုများနှင့် ကျရှုံးမှုအချို့ကို တင်ပြသွားမည် ဖြစ်သည်။ ထို့အပြင် ကျရှုံးနေသော စစ်အုပ်စု၏ အာဏာသိမ်းရေးကြိုးပမ်းမှု နောက်ပိုင်း MNHRC ၏ လုပ်ရပ်များနှင့် ပျက်ကွက်မှုများက ပါရီအခြေခံမူများကို လုံးဝလိုက်နာမှုမရှိသည့် အနေအထားအထိ မည်ကဲ့သို့ဖြစ်လာပြီး SEANF၊ APF နှင့် GANHRI တို့၏ ထိရောက်သော အရေးယူမှုခံရရန် ထိုက်လျောက်သော အကြောင်းရင်းခိုင်လုံကြောင်းကိုလည်း ဤအပိုင်းက ရှင်းရှင်းလင်းလင်း ဆွေးနွေးတင်ပြထားပါသည်။

*(က)* ***ကော်မရှင်အဖွဲ့ဝင် ရွေးချယ်မှုနှင့် ခန့်အပ်မှု*** – ကျွမ်းကျင်မှုအရည်အချင်းအခြေပြုရွေးချယ်ခြင်း၊ အမှီအခိုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အလွှာစုံပါဝင်ခြင်းတို့ကို သေချာစေသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်များမပါဘဲ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ MNHRC ကော်မရှင်အဖွဲ့ဝင်များကို ကန့်လန့်ကာ နောက်ကွယ်တွင် ပြောင်းလဲခန့်အပ်ခဲ့သည်။[39] ၂၀၁၅ ခုနှစ် အဆင့်သတ်မှတ်သည့်လုပ်ငန်းစဉ်ကာလအတွင်း GANHRI–SCA နှင့် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများသည် ရောက်ရှိလာမည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ကော်မရှင်အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်အပ်မည့်ကိစ္စနှင့်ပတ်သက်၍ အထူးစိုးရိမ်ခဲ့ကြသည်။ ကော်မရှင်အဖွဲ့ဝင် ၁၀ ဦးအနက် ခုနစ်ဦး၏ သက်တမ်းကုန်ဆုံးပြီးချိန်တွင် ၁၀ ဦး စလုံးကို ကြိုတင်အသိပေးခြင်းမရှိဘဲ ထို ၁၀ ဦး စလုံးကို လူ့

37 "Statement of the Myanmar National Human Rights Commission on the peace initiative, Statement No. (2/2022)," 28 April 2022. Available at https://mnhrc.org.mm/statements/en/print/17

38 "Political Prisoners Experience in Interrogation, Judiciary, and Incarceration Since Burma's Illegitimate Military Coup," Assistance Association for Political Prisoners, 23 March 2022. Available at https://aappb.org/?p=20734. "Detained but Not Forgotten," Progressive Voice, 28 March 2022. Available at https://progressivevoicemyanmar.org/2022/03/28/detained-but-not-forgotten/

39 "Myanmar: You're the Devil in Disguise – The Duplicitous, Obsolete MNHRC," Working Group's Extended Chapter of the ANNI Report. Available at https://progressivevoicemyanmar.org/2021/12/14/youre-the-devil-in-disguise-the-duplicitous-obsolete-mnhrc/

အခွင့်အရေးနှင့်ပတ်သက်ပြီး တရားဝင်ပညာရေး သို့မဟုတ် လုံလောက်သောအတွေ့အကြုံရှိသူ တစ်ယောက်မျှ မပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်သစ် ၁၁ ဦး စိတ်ကြိုက်ရွေးချယ်ပြီး အစားထိုးခန့်အပ်ခဲ့သည်။[40] ထိုကော်မရှင်အဖွဲ့ဝင်များသည် အသက်၊ အရည်အချင်း၊ အခြားနည်းဖြင့် သန်စွမ်းသူများ၊ လူမှုရေး နောက်ခံသမိုင်း၊ လူမျိုးစု၊ ဘာသာ၊ လိင်စိတ်ခံယူမှု၊ လိင်ဝိသေသလက္ခဏာ သို့မဟုတ် လိင်ဝိသေသဖော်ပြမှုနှင့် အခြားသော အစုအဖွဲ့များကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားမှုကို ထပ်ဟပ်ခြင်း မရှိပေ။ GANHRI–SCA က MNHRC အနေဖြင့် လစ်လပ်နေရာများကို လူသိရှင်ကြား ကျယ်ကျယ်ပြန့်ပြန့် ကြေညာမှု၊ ကော်မရှင်အဖွဲ့ဝင်များကို အဖွဲ့အစည်း သို့မဟုတ် အစုအဖွဲ့တစ်ခုခုနှင့် ပတ်သက်ဆက်နွယ်နေမှုအပေါ် မူတည်ခြင်း မဟုတ်ဘဲ ၎င်းတို့တစ်ဦးချင်း၏ တတ်ကျွမ်းမှုအပေါ်အခြေခံသော ရွေးချယ်မှု၊ ရွေးချယ်ခန့်အပ်သည့် လုပ်ငန်းစဉ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်မှုကို အာပေးမြှင့်တင်ခြင်း၊ လျှောက်ထားသူများကို ကြိုတင်သတ်မှတ်ပြဋ္ဌာန်းထားသည့် အချက်များအပေါ် အခြေခံ၍ ဆန်းစစ်အကဲဖြတ်ခြင်း၊ နှင့် စုံလင်ကျယ်ပြန့်သည့် လူ့အသိုင်းအဝိုင်းများ၏ ကိုယ်စားပြုမှုနှင့် အရည်အချင်း ပြည့်မီသည့် ကိုယ်စားလှယ်များပါဝင်မှုတို့ ရှိစေရန် မည်ကဲ့သို့ လုပ်ဆောင်သင့်ကြောင်းကို အလေးပေး ဖော်ပြခဲ့သည်။[41]

*(ခ)* ***လူထုအုံကြွမှု သို့မဟုတ် နိုင်ငံရေးအုံကြွမှုအခြေအနေအတွင်း စွမ်းဆောင်ရည်*** – GANHRI–SCA မှ ပြုလုပ်သော ပါရီအခြေခံမူများ၏ အထွေထွေလေ့လာသုံးသပ်ချက်များပါ အကြံပြုတိုက်တွန်းချက်များအရ NHRI များသည် ‘အခြေအနေအားလုံးတွင် ခြွင်းချက်မရှိဘဲ၊ လူသားအားလုံး၏ ရပိုင်ခွင့် အခွင့်အရေးကို မြှင့်တင်ပေးရန်နှင့် လေးစားလိုက်နာရန်…’ အတွက် ၎င်းတို့ကိုယ်တိုင် သာမန်ထက်ပို၍ နိုးကြားရမည် ဖြစ်သည့်အပြင် အမှီအခိုလည်း ကင်းရမည် ဖြစ်သည်။[42] သို့သော် MNHRC သည် ကနဦး စတင်တည်ထောင်ချိန်မှစ၍ ၂၀၁၅ ခုနှစ် GANHRI–SCA မှ ပေးထားသာ အကြံပြုချက်များ ရှိနေလျက်ပင် အာဏာလုယူရေးကြိုးပမ်းမှု၊ တိုင်းရင်းသားဒေသများအတွင်း မြန်မာစစ်တပ်၏ ဆက်လက် တိုက်ခိုက်နေမှုများနှင့် ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်မှုတို့ အပါအဝင် လက်ရှိအချိန်ထိ ဖြစ်ပွားနေဆဲ ပဋိပက္ခများကို အရှက်မရှိ ဖြောင်ကျကျ လျစ်လျူရှုဖုံးကွယ်နေဆဲ ဖြစ်သည်။[43] ပဋိပက္ခအတွင်း MNHRC ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ GANHRI–SCA မှ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍လည်း GANHRI ၏ အထွေထွေလေ့လာသုံးသပ်ချက်များတွင် MNHRC ကို ဖော်ပြခဲ့သည်။ သို့သော် MNHRC ဘက်က ပြုပြင်ပြောင်းလဲရေးခြေလှမ်း တစ်လှမ်းမျှ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။[44]

*(ဂ)* ***အလွှာစုံပါဝင်မှု*** – ပါရီအခြေခံမူများအရ NHRI တစ်ခုတွင် စုံလင်ကွဲပြားသော စုဖွဲ့မှုများရှိရန် လိုအပ်ပြီး သို့မှသာ မြန်မာနိုင်ငံအတွင်းရှိ လူမှုအဝန်းအဝိုင်း၏ စုံလင်ကွဲပြားမှုကို ကော်မရှင်အတွင်းတွင် ထင်ဟပ်မည် ဖြစ်သည်။ သို့သော် ကော်မရှင်၏ စုဖွဲ့မှု သို့မဟုတ် လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားမှုကို မထင်ဟပ်နေ

---

40 Nyein Nyein, “Reform of Myanmar Human Rights Commission Lacks Transparency, Critics Say,” The Irrawaddy, 15 January 2020. Available at https://www.irrawaddy.com/news/burma/reform-myanmar-human-rights-commission-lacks-transparency-critics-say.html. ‘Commissioners’, MNHRC. Available at https://web.archive.org/web/20200424033349/http://www.mnhrc.org.mm/en/about/commissioners/

41 ‘Report and Recommendations of the Session of the Sub-Committee on Accreditation’, GANHRI, November 2015, Section 2. Available at https://www.ohchr.org/sites/default/files/Documents/Countries/NHRI/GANHRI/SCA_FINAL_REPORT_-_NOVEMBER_2015-English.pdf

42 ‘General Observations of the Sub-Committee on Accreditation’ GANHRI, 21 February 2018, Section 2.5. Available at https://www.ohchr.org/Documents/Countries/NHRI/GANHRI/EN_GeneralObservations_Revisions_adopted_21.02.2018_vf.pdf

43 “Myanmar: You’re the Devil in Disguise – The Duplicitous, Obsolete MNHRC,” Chapter 5 of the ANN Report 2020. Available at https://forum-asia.org/?p=36231. Also, the Working Group’s Extended Chapter of the ANNI Report. Available at https://progressivevoicemyanmar.org/2021/12/14/youre-the-devil-in-disguise-the-duplicitous-obsolete-mnhrc/

44 ‘Report and Recommendations of the Session of the Sub-Committee on Accreditation’, GANHRI, November 2015, Section 2. Available at https://www.ohchr.org/sites/default/files/Documents/Countries/NHRI/GANHRI/SCA_FINAL_REPORT_-_NOVEMBER_2015-English.pdf

သည့်အပြင် လူနည်းစုအသိုင်းအဝိုင်းများနှင့် တိုင်းရင်းသားလူမျိုးစုများနှင့် ထိတွေ့ဆက်ဆံမှုများ မလုပ်ဆောင်ခဲ့ခြင်း၊ ရေးသားထုတ်ဝေသော အချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေရန် ပျက်ကွက်ခဲ့ခြင်း၊ နှင့် ဗုဒ္ဓဘာသာဗမာလူများစု၏ အတွေးအခေါ် နောက်ကိုသာလိုက်ခြင်းတို့မှတစ်ဆင့် ထိုအသိုင်းအဝိုင်းများကို မကြာခဏ ဘေးဖယ်ကြဉ်ထားခဲ့သည်။[45]

*(ဃ)* ***လွတ်လပ်အမှီအခိုကင်းမှု*** – NHRI တစ်ခုသည် အစိုးရ၏ အမှီအခိုမကင်းပါက သို့မဟုတ် ဩဇာမကင်းပါက ဖော်ပြထားသည့် ကျန်အချက်များအားလုံးကိုလည်း ထိခိုက်မည် ဖြစ်သည်။ MNHRC သည် စစ်အုပ်စုကို ကာကွယ်ပေးခြင်းအားဖြင့် အမှီအခိုကင်းရမည့် ၎င်း၏တာဝန်ကို လုံးဝ ပျက်ကွယ်ပြုခဲ့သည်။

*(င)* ***လွတ်လပ်မှု ရုပ်သိမ်းခံရ၊ ကန့်သတ်ခံထားရသောနေရာများကို စောင့်ကြည့်လေ့လာမှု*** – MNHRC သည် အခြေခံလွတ်လပ်ခွင့်များ ရုပ်သိမ်းခံရ ကန့်သတ်ခံထားရသော နေရာများကို စောင့်ကြည့်လေ့လာရာတွင် အပြုသဘောဆောင်သော အပေါ်ယံသာ လုပ်ဆောင်နေသည်။ စစ်ဆေးမှုများ ပြီးမြောက်ကြောင်း ပြသနိုင်ရန်အတွက်သာ ရည်ရွယ်သော MNHRC ၏ ထောင်တွင်း သွားရောက်လေ့လာစစ်ဆေးမှုများသည် ကြိုတင်အသိပေးအကြောင်းကြားပြီးမှ လုပ်ဆောင်ခြင်းဖြစ်သည်။ အဆိုပါ အကျဉ်းထောင်များသည် နှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ နှောက်ယှက်စော်ကားခြင်း၊ တိုက်ပိတ်ခြင်းနှင့် သုံးနှစ်အထိ ငယ်ရွယ်သည့် ကလေးသူငယ်များအပေါ် ချိုးဖောက်ခြင်း တို့အပါအဝင် အကျဉ်းသားများအပေါ် အလွဲသုံးစားမှုများဖြင့် နာမည်ဆိုးနှင့် ကျော်ကြားနေသော နေရာများဖြစ်သည်။[46]

*(စ)* ***နိုင်ငံတကာလူ့အခွင့်အရေးစနစ်များနှင့် အပြန်အလှန်ဆက်စပ်လုပ်ဆောင်မှု*** – MNHRC သည် အပေါ်ယံအနေအထားသာ ထိတွေ့ဆက်ဆံပြီး အစိုးရနှင့် စစ်တပ်တို့၏ ရပ်တည်ချက်ကို မကြာခဏ သံယောင်လိုက်လေ့ရှိသည်။ ရှင်းလင်းသော သာဓကတစ်ခုကို ပြရလျှင် လူ့အခွင့်အရေးကောင်စီ၏ UPR လုပ်ငန်းစဉ်တွင် NLD ဦးဆောင်သော အစိုးရ၏ မျှတမှုမရှိသော နိုင်ငံအဆင့်အစီရင်ခံစာကို MNHRC က ပုံတူကူးတင်ပြခဲ့သည်။ MNHRC သည် NLD ဦးဆောင်သောအစိုးရ၏ သဘောထားနှင့်အညီ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အစိုးရ၏ လူ့အခွင့်အရေး စွမ်းဆောင်ချက်များကို လိုတာထက်ပို၍ အသားပေးဖော်ပြပြီး အစီရင်ခံစာ၏ လွှမ်းခြုံကာလအတွင်း ရိုဟင်ဂျာများ၊ တိုင်းရင်းသား လူမျိုးစုများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုမူ လျစ်လျူရှုချန်လှပ်ထားခဲ့သည်။[47]

*(ဆ)* ***ဘဏ္ဍာငွေနှင့် ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်အမှီအခိုကင်းမှု*** – MNHRC သည် ဘဏ္ဍာငွေထောက်ပံ့မှု မည်ကဲ့သို့ ရရှိနေသည်ကို သေချာမသိရဘဲ စစ်အုပ်စု၏ တရားမဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ဖြင့် ၎င်းကို ဘဏ္ဍာငွေထောက်ပံ့နေသည်ဟု ယူဆရသည်။[48]

---

45 Ibid.

46 “Myanmar: No Safe Place for Children,” Progressive Voice, 8 April 2022. Available at https://progressivevoicemyanmar.org/2022/04/08/myanmar-no-safe-place-for-children/

47 “National report submitted in accordance with paragraph 5 of the annex to Human Rights Council resolution 16/21 – Myanmar,” Human Rights Council, 2 November 2020. Available at https://documents-dds-ny.un.org/doc/UNDOC/GEN/G20/278/46/PDF/G2027846.pdf?OpenElement
‘The Submission of the Myanmar National Human Rights Commission to the Third Cycle of the Universal Periodic Review (UPR) of the United Nations Human Rights Council’.
Available at https://www.upr-info.org/sites/default/files/documents/2021-02/mnhrc_upr37_mmr_e_main.pdf

48 “State Administration Council Order (No.4/2021) “Appointment and Duty Assignment of Chairman, Vice-Chairman and members of Myanmar National Human Rights Commission,” posted in Global New Light of Myanmar.
Available at https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2021-02-02-red.pdf

စုံလင်ကွဲပြားသော ဘက်မလိုက်သည့် ရွေးချယ်မှုလုပ်ငန်းစဉ် မရှိခဲ့ခြင်းက ယခုလက်ရှိအကျပ်အတည်း ဖြစ်လာစေသည်အထိ ကြီးမားသော နောက်ဆက်တွဲ အရှုပ်အထွေးများ ဖြစ်ပေါ်စေကြောင်းကို ကျရှုံးနေသည့် အာဏာလုယူရေး စတင်ကြိုးပမ်းချိန်နောက်ပိုင်း MNHRC ၏ လုပ်ရပ်များက ဖော်ပြနေသည်။ အလားတူစွာပင် ကော်မရှင်အတွင်းနှင့် စစ်အုပ်စုဘက်၏ ပြင်ပ ပယောဂကြောင့် လွတ်လပ်အမှီအခိုကင်းမှု မရှိခဲ့ခြင်းက စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်စဉ်ကတည်းကပင် MNHRC ကို ဒုက္ခများစေခဲ့သည်။ MNHRC ၏ တိုင်ကြားမှုလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှု မရှိသကဲ့သို့ တိုင်ကြားသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက် အသေးစိတ်နှင့် နိုင်ငံသားမှတ်ပုံတင်တို့ တင်ပြရမည်ဟု အမိန့်ထုတ်ပြန်ထားပြီး ယင်းလုပ်ရပ်မှာ မလိုအပ်သော ကိစ္စတစ်ရပ်ဖြစ်သကဲ့သို့ မကောင်းသော ရည်ရွယ်ချက်များဖြင့်လည်း အသုံးချခံရနိုင်ဖွယ် ရှိသည်။[49] MNHRC ၏ တိုင်ကြားမှုလုပ်ငန်းစဉ်သည် အားနည်းချက်များစွာရှိနေပြီး တိုင်ကြားစာများကို သုံးသပ်ရာတွင်လည်း ပွင့်လင်းမြင်သာမှု မရှိသည့်အပြင် MNHRC ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုများတွင် မျက်မြင်သက်သေများကို တန်ပြန်အရေးယူခံရမည့်ဘေးမှ ကာကွယ်ပေးနိုင်ခြင်း မရှိပေ။[50] နိုင်ငံတကာနှင့် ဒေသတွင်းမှ လူ့အခွင့်အရေးဌာနများနှင့် အစုအဖွဲ့များအနေဖြင့် ယင်းကဲ့သို့သော ကော်မရှင်တစ်ရပ်ကို ထောက်ခံအားပေးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြန်လည်ကုစားမှုရရှိရေး ကြိုးပမ်းသူများ၏ အချက်အလက်များကို စုဆောင်းရာတွင် စစ်အုပ်စုကို အထောက်အကူပေးမိသည့် အန္တရာယ်သို့ ကျရောက်နိုင်သည်။ MNHRC ဥပဒေကိုယ်၌သည်ပင်လည်း ယခင် စစ်အာဏာရှင်ဟောင်းတစ်စုက ရေးဆွဲခဲ့ခြင်းဖြစ်သကဲ့သို့ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ANNI တို့ မီးမောင်းထိုးဖော်ပြထားသည့်အတိုင်း ယင်းဥပဒေ၏ အားနည်းချက်များစွာကို ယနေ့ထိတိုင် ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် NHRI ဥပဒေအသစ်တစ်ရပ်နှင့် NUG အောက်တွင် ပါရီအခြေခံမှုများနှင့်ကိုက်ညီပြီး လူ့အခွင့်အရေးကို အပြည့်အဝ  လေးစားလိုက်နာသည့် ကော်မရှင်အသစ်တစ်ရပ် ပေါ်ပေါက်ရန် အချိန်တန်ပြီ ဖြစ်သည်။[51]

MNHRC ကော်မရှင်အဖွဲ့ဝင်များသည် အုပ်ချုပ်သူ လူ့မလိုင်နှင့် စစ်တပ်အထက်ပိုင်းမှပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ရာ ၎င်းသည် စစ်တပ်နှင့် ပလဲနံပသင့်အောင်နေပြီး နာခံရိုကျိုးသည့် သမိုင်းကြောင်း ရှိသည်။ တိုင်းရင်းသား မျိုးနွယ်စုများ၊ ဘာသာရေး စုံလင်ကွဲပြားသူများ၊ LGBTQI+ အသိုင်းအဝိုင်းနှင့် အခြားနည်းဖြင့် သန်စွမ်းသူများ၏ ပါဝင်မှုမရှိခြင်းကြောင့် ကော်မရှင်အဖွဲ့ဝင်များသည် စုံလင်ကွဲပြားမှုနှင့် အလွှာစုံပါဝင်မှု ကင်းမဲ့နေသည်။ ၂၀၁၅ ခုနှစ် အဆင့်သတ်မှတ်ရာတွင် GANHRI-SCA က MNHRC သည် လူ့အခွင့်အရေးကို အထူးသဖြင့် ပဋိပက္ခအတွင်းတွင် ကာကွယ်ပေးနိုင်စွမ်း မရှိသည့်အချက်ကို အဓိကထား ဝေဖန်ထောက်ပြခဲ့သည်။[52] စစ်အုပ်စုက နိုင်ငံကိုအုပ်ချုပ်နိုင်ရန် ကြိုးစားရာတွင် ရက်စက်သော အင်အားသုံးပြီး မြန်မာပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်သည့် ကြီးလေးသော ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်နေသည့် တစ်ချိန်တည်းတွင် ဒေသတွင်းနှင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု ရရှိလာရေး ကြိုးပမ်းနေသည့်အတွက် ယင်းစိုးရိမ်ပူပန်မှုများက ပို၍ပင် ကျယ်လောင်လာခဲ့သည်။

MNHRC ကို အမှီအခိုကင်းသည့် အခြားသော NHRI များနှင့် ကွဲပြားစေသည့်အချက်မှာ တွေးဆ၍မရနိုင်လောက်သည်အထိ အဆိုးရွားဆုံးသော ရက်စက်ကြမ်းကြုတ်မှုများနှင့် ရာဇဝတ်မှုများကို ကျူးလွန်နေသည့် စစ်အုပ်စုကို သစ္စာခံနေခြင်းပင် ဖြစ်သည်။ MNHRC သည် လူ့အခွင့်အရေးကို အပြည့်အဝ မြှင့်တင်၊ ကာကွယ်ပေးရန် စစ်မှန်ကောင်းမွန်သော စိတ်စေတနာမရှိသော်ငြား စစ်အုပ်စုအပေါ်တွင် အပြည့်အဝ သစ္စာခံလျက် ရှိသည်။

---

49 Post of CSO Working Group, Twitter, 12 January 2023. Available at https://twitter.com/WG_MMNHRI/status/1613446331481354240

50 "Myanmar: You're the Devil in Disguise – The Duplicitous, Obsolete MNHRC," Chapter 5 of the ANNI Report 2020. Available at https://forum-asia.org/?p=36231. Also, the Working Group's Extended Chapter of the ANNI Report. Available at https://progressivevoicemyanmar.org/2021/12/14/youre-the-devil-in-disguise-the-duplicitous-obsolete-mnhrc/
"'Return to Sender' – MNHRC Enabling Law Must be Returned to Parliament for Structural Reform," Myanmar Chapter, 2018 ANNI Report on the Performance and Establishment of National Human Rights Institutions in Asia. Available at https://progressivevoicemyanmar.org/wp-content/uploads/2018/10/MNHRC_Report_English_Web.pdf

51 Ibid.

52 'Report and Recommendations of the Session of the Sub-Committee on Accreditation', GANHRI, November 2015, Section 2. Available at https://www.ohchr.org/sites/default/files/Documents/Countries/NHRI/GANHRI/SCA_FINAL_REPORT_-_NOVEMBER_2015-English.pdf

# ၀၅ နိုင်ငံတကာနှင့် ဒေသတွင်းရှိ NHRI ဆိုင်ရာ အဖွဲ့အစည်းများ – GANHRI၊ APF နှင့် SEANF

စစ်အုပ်စု၏ ထိန်းချုပ်မှုအောက် ရောက်ရှိနေပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာရမည့်တာဝန်ကို စွန့်ပစ်ခဲ့သည့် MNHRC အပေါ် တုံ့ပြန်ကိုင်တွယ်မှုသည် အလွန်ပင် ဆိုးရွားနေပြီး APF၊ SEANF နှင့် GANHRI တို့၏ ဂုဏ်သိက္ခာကို ဆက်လက်ထိခိုက်လာစေမည် ဖြစ်သည်။ မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ဆက်တိုက်ကန့်ကွက်မှုများ၊ အိတ်ဖွင့်ပေးစာများနှင့် ထုတ်ပြန်ကြေညာချက်များ ရှိခဲ့သည့်တိုင် APF၊ SEANF နှင့် GANHRI တို့က MNHRC ကို ၎င်းတို့၏ အစည်းအဝေးနှင့် အခမ်းအနားများသို့ ပါဝင်တက်ရောက်စေရန် ဆက်လက်ဖိတ်ကြားနေဆဲဖြစ်သည်။ APF ၏ လုပ်ငန်းတာဝန်မှာ NHRI များကို ခိုင်မာအားကောင်းလာစေရန်နှင့် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးခြင်းအားဖြင့် လူ့အခွင့်အရေးကို လူတိုင်းကျင့်သုံးခံစားနိုင်စေရန် လုပ်ဆောင်ပေးရမည် ဖြစ်သည်။[53] သို့သော် ကျရှုံးနေသော အာဏာလုယူရေးကြိုးပမ်းမှုနှင့် ဆက်နွယ်သော စိန်ခေါ်မှုများ၊ နှင့် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများ၏ အသံများကို ဖြေရှင်းပေးရန် ရင်ဆိုင်လာရသည့်အခါ APF သည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာနှင့်အညီ လုပ်ဆောင်ခြင်း မရှိသောကြောင့် ၎င်းအပေါ် အများပြည်သူ၏ ယုံကြည်ကိုးစားမှု မှေးမှိန်လာစေသည်။ GANHRI အနေဖြင့်လည်း စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုကို ဖုံးကွယ်ပေးပြီး ပြည်သူများအပေါ် နောက်ထပ်ထိခိုက်နစ်နာစေမည့်အရာများကို MNHRC က ထပ်မလုပ်နိုင်စေရန်အတွက် 'B' အဆင့် သတ်မှတ်ခံထားရသော NHRI များကို ဆန်းစစ်၍မရစေရန် ပိတ်ဆို့တားမြစ်ထားသည်များကို ဖယ်ရှားရမည့်အချက် အပါအဝင် ထိရောက်သော လုပ်ဆောင်မှုများကို ချမှတ်ရမည် ဖြစ်သည်။ ထို့အပြင် APF၊ SEANF နှင့် GANHRI တို့အနေဖြင့် ပါရီအခြေခံမူများကို ထပ်တလဲလဲ မလိုက်နာသည့် NHRI များအား အဖွဲ့ဝင်အဖြစ်မှ ဖယ်ရှားပစ်ရမည် ဖြစ်သည်။

ဤကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်အဖွဲ့က APF ကို အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သော်လည်း MNHRC ကို အဖွဲ့ဝင်တစ်ဖွဲ့အနေဖြင့် ၎င်းတို့၏ အစီအစဉ်များတွင် ဆက်လက်၍ တက်တက်ကြွကြွ ပါဝင်ခွင့်ပြုနေသော APF ၏လုပ်ရပ်က စစ်အုပ်စုကို တိတ်တဆိတ်ထောက်ခံနေခြင်းသာ ဖြစ်သည်။ ဥပမာပြရလျှင် APF က နယူးဇီလန်လူ့အခွင့်အရေးကော်မရှင်နှင့်အတူ ပူးပေါင်းစီစဉ်သော လုပ်ငန်းခွင် ခွဲခြားဆက်ဆံမှုဆိုင်ရာ အစီအစဉ်တစ်ခုတွင် MNHRC ဥက္ကဋ္ဌ ဦးလှမြင့်ကို စကားပြောခွင့် ပေးခြင်း၊[54] ၂၀၂၂ ခုနှစ် ဇွန်လ ၂၁ မှ ၂၃ အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အရှေ့တောင်အာရှ NHRI များအတွက် ပြုလုပ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊[55] ကျရှုံးနေသော အာဏာသိမ်းရေးကြိုးပမ်းမှုအကြောင်း သို့မဟုတ် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း၏ ထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်းဖော်ပြခြင်း မရှိခဲ့သည့် APF အတွင်းရေးမှူးအဖွဲ့နှင့် MNHRC တို့၏ တွေ့ဆုံဆွေးနွေးပွဲ၊[56] မကြာသေးမီက ပြုလုပ်ခဲ့သည့် APF နှင့် MNHRC ပူးတွဲစီစဉ်ခဲ့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခမ်းအနားများကို စစ်အုပ်စုက ၎င်းတို့၏ လက်ဝေခံမီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ချိရေးအတွက် အသုံးချခဲ့သည်။[57]

53 Asia Pacific Forum. Available at https://www.asiapacificforum.net/

54 "APF Visual Dialogue Series: Discrimination in employment and the role of National Human Rights Institutions," 30 September 2022. Available at www.asiapacificforum.net/news/apf-members-discuss-discrimination-employment-and-role-nhris/

55 "Open Letter: Myanmar Junta Participation in the Environmental Rights and Climate Change Workshop," 30 June 2022, Working Group. Available at https://progressivevoicemyanmar.org/2022/06/30/open-letter-myanmar-junta-participation-in-the-environmental-rights-and-climate-change-workshop/

56 "The APF Secretariat has met with leaders of the Myanmar National Human Rights Commission as part of Leadership Solidarity Outreach program," APF, 30 November 2021. Available at https://www.asiapacificforum.net/news/apf-meets-myanmar-commission/

57 "APF Co-Hosts Virtual Dialogue on Human Rights and Climate Change," APF, 15 December 2022. Available at https://www.asiapacificforum.net/news/apf-co-hosts-virtual-dialogue-human-rights-and-climate-change/
"APF Virtual Dialogue on Climate Change and Human Rights: Role of NHRIs Meeting Held," Global New Light of Myanmar, 12 November 2022. Available at https://cdn.myanmarseo.com/file/client-cdn/gnlm/wp-content/uploads/2022/11/12_Nov_22_gnlm.pdf

SEANF သည် အဖွဲ့ဝင်များ အားလုံးပါဝင်သော နှစ်စဉ်အစည်းအဝေးကို တစ်နှစ်တစ်ကြိမ်ပြုလုပ်ပြီး နည်းစနစ်ပိုင်းဆိုင်ရာအလုပ်အဖွဲ့ အစည်းအဝေးကိုမူ တစ်နှစ် နှစ်ကြိမ် ပြုလုပ်လေ့ရှိသည်။[58] SEANF သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၈ နှင့် ၂၉ ရက်နေ့တို့တွင် ပြုလုပ်ခဲ့သည့် ၁၉ ကြိမ်မြောက် နှစ်စဉ်ပုံမှန်အစည်းအဝေး[59] အပါအဝင် ၂၀၂၁ ခုနှစ်[60] နှင့် ၂၀၂၂ ခုနှစ် အတွင်း ပြုလုပ်ခဲ့သော ၎င်းတို့၏ အစည်းအဝေးပွဲများတွင် MNHRC ကို ဆက်လက်ပါဝင်တက်ရောက်ခွင့် ပြုခဲ့သည်။ ယင်းခွင့်ပြုခြင်းများသည် စစ်အုပ်စုက ၎င်းတို့မှ တရားဝင် အသိအမှတ်ပြုမှု ရရှိထားပြီးသယောင်ယောင် ၎င်းတို့၏ လက်ဝေခံမီဒီယာများတွင် ကြိုးစားဖော်ပြနေမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။[61] SEANF သည် ကျရှုံးနေသည့် စစ်အုပ်စု၏ အာဏာသိမ်းရေးကြိုးပမ်းမှု သို့မဟုတ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများတွင် MNHRC က ကြံ့ရာပါအဖြစ် ပါဝင်နေသည်ကို ဝန်ခံအသိအမှတ်ပြုခြင်း မရှိသေးသကဲ့သို့ ရပ်တန့်ရန်အတွက်လည်း တောင်းဆိုထားခြင်း မရှိသေးပေ။ သို့သော် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို မြန်မာစစ်တပ်က အကြမ်းဖက်ခဲ့မှုအပေါ် အလွန်အမင်း စိုးရိမ်ကြောင်း (SEANF ရော APF အဖွဲ့နှစ်ဖွဲ့လုံးက) ထုတ်ဖော်ပြောဆိုသော ထုတ်ပြန်ကြေညာချက် အပါအဝင် အတိတ်ကာလအတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ၎င်းတို့က ဝေဖန်ထောက်ပြ ပြောဆိုခဲ့ဖူးသည်။[62] အဆိုပါဖြစ်စဉ်သည် မြန်မာနိုင်ငံအရေးတွင် NHRI များက တက်တက်ကြွကြွ ကြားဝင်ဆောင်ရွက်ခဲ့ဖူးသည်ကို ပြသသည့်အတိတ်က အရေးကြီးဖြစ်ရပ်တစ်ခု ဖြစ်သည်။ ယင်း ကာလက MNHRC ကို မဖွဲ့စည်းရသေးကြောင်း အသိအမှတ်ပြုသည့်တစ်ချိန်တည်းတွင် ဤဆောင်ရွက်ချက်သည် SEANF နှင့် APF တို့အတွင်း NHRI များ၏ သမိုင်းဝင်ခြေလှမ်းတစ်ရပ် ဖြစ်ခဲ့သည်။ သို့သော် MNHRC စတင်တည်ထောင်ပြီး အဖွဲ့ဝင်ဖြစ်လာပြီးချိန်ကတည်းကပင် SEANF နှင့် APF တို့က MNHRC ကို ကာကွယ်ပေးခြင်းအားဖြင့် စစ်အုပ်စု၏ ရာဇဝတ်မှုများကို ကာကွယ်ပေးသော အန္တရာယ်ရှိသည့် လမ်းကြောင်းကို လျှောက်လှမ်းလာခဲ့သည်။

မြန်မာနိုင်ငံအတွင်း လက်ရှိမြေပြင်အခြေအနေတွင် စစ်အုပ်စုသည် ရန်ကုန်မြို့ရှိ MNHRC ရုံး၏ ဂိတ်ပေါက်အပြင်ဘက်ရှိ လမ်းမများနှင့် တစ်နိုင်ငံလုံးအနှံ့တွင် မြန်မာပြည်သူများအပေါ် အကြမ်းဖက်မှု စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲနေလျက်ရှိသည်။ APF၊ SEANF၊ GANHRI တို့နှင့် အဆိုပါအဖွဲ့များအတွင်းရှိ အဖွဲ့ဝင်များက မြန်မာနိုင်ငံအတွင်း ကြောက်မက်ဖွယ်ရာ လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ နှုတ်ဆိတ်နေပြီး ၎င်းတို့ကို ထိခိုက်နစ်နာ ပြဿနာတက်စေမည့် MNHRC ကို ဆက်လက်ခွင့်ပြုထားမှု၊ နှင့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများမြောက်သည့် မြန်မာနိုင်ငံအတွင်း ဆိုးရွားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို MNHRC က ဆက်လက်ငြင်းဆိုနေသည်ကို ဖြေရှင်းလိုသည့်စိတ်ဆန္ဒ မရှိနေမှုအပေါ် မိမိတို့အလုပ်အဖွဲ့မှ လွန်စွာစိတ်ပျက်ရကြောင်း ထုတ်ဖော်ပြောကြားလိုသည်။ MNHRC ၏ ပျက်ကွက်မှုများကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ MNHRC ကို ဆက်လက်၍ နေရာပေးထားခြင်းသည် မြေပြင်ရှိ မြန်မာပြည်သူများခံစားနေရသော ကြီးမားသည့်အတိဒုက္ခများကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းနှင့် ယုံကြည်ကိုးစားရသော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာဝတ္တရားများကို ပျက်ကွက်နေခြင်းပင် ဖြစ်သည်။

58 SEANF 'Activities'. Available at https://seanf.asia/activities/

59 'Myanmar National Human Rights Commission joins 19th Annual Meeting of Southeast Asian National Human Rights Institutions Forum," Global New Light of Myanmar, 2 December 2022. Available at https://www.gnlm.com.mm/myanmar-national-human-rights-commission-joins-19th-annual-meeting-of-southeast-asia-national-human-rights-institutions-forum-seanf/

60 2nd Technical Working Group (TWG) Meeting, SEANF, 24-26 August 2021. Available at https://www.facebook.com/myanmarnhrc/photos/pcb.917801595483617/917801495483627/

61 'Myanmar National Human Rights Commission joins 19th Annual Meeting of Southeast Asian National Human Rights Institutions Forum," Global New Light of Myanmar, 2 December 2022. Available at https://www.gnlm.com.mm/myanmar-national-human-rights-commission-joins-19th-annual-meeting-of-southeast-asia-national-human-rights-institutions-forum-seanf/

62 "National Human Rights Institutions Express "Grave Concern" over Burma," 6 October 2007. Available at https://forum-asia.org/?p=7388%20Statement:%20https://apf-prod.s3.amazonaws.com/media/resource_file/myanmar.pdf?AWSAccessKeyId=AKIA57J6V557ISASX34R&Signature=D9AnzlbZ%2B4OgfBZ39qFFasObLfs%3D&Expires=1675847032

မအောင်မြင်နေသည့် စစ်အုပ်စု၏ အာဏာလုယူရေး ကြိုးပမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် APF က ၂၀၂၁ ခုနှစ် မေလတွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့မှုကို အရပ်ဘက်လူထုအဖွဲ့အစည်းများက အသိအမှတ်ပြု ကြိုဆိုသော်လည်း ပါရီအခြေခံမူများကို ဖောက်ဖျက်ခဲ့သည့် MNHRC အပေါ် တုံ့ပြန်ရာတွင်မူ လုံလောက်ခြင်း မရှိသေးပေ။ ထို့အပြင် APF သည် MNHRC ကို ၎င်းတို့၏ အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ဆက်လက် ဖိတ်ကြားနေသည်။[63] MNHRC သည် စစ်အုပ်စု၏ အကျိုးစီးပွားကိုသာ ကိုယ်စားပြုသော စစ်အုပ်စု၏ လက်အောက်ခံအဖွဲ့ဖြစ်ပြီး လူ့အခွင့်အရေးကို အမှီအခိုကင်းစွာ ဆန်းစစ်သုံးသပ်ခြင်းမပြုဘဲ မြန်မာပြည်သူများအတွက် ကောင်းမွန်စွာ လုပ်ငန်းလည်ပတ်နိုင်သည့် NHRI တစ်ခု မရှိစေရန် ဟန့်တားနေသည့်အချက်ကိုလည်း APF က အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။ စစ်အုပ်စု၏ ကျရှုံးနေသော အာဏာသိမ်းရေး ကြိုးပမ်းမှုသည် တရားဝင်မှု မရှိ၊ ဥပဒေနှင့်ကိုက်ညီမှု မရှိသော်လည်း ရက်ပိုင်းအကြာမှာပင် MNHRC သည် တရားမဝင်စစ်အုပ်စုက ပေးသောအမိန့်ကို လိုက်နာခဲ့သည်။[64]

APF နှင့် SEANF တို့သည် မြန်မာနိုင်ငံ၏ မြေပြင်တွင်ဖြစ်ပွားနေသော ပကတိအရှိတရားနှင့် MNHRC ၏ တုံ့ပြန်ဆောင်ရွက်မှုများကို ရင်ဆိုင်ရန် ဆန္ဒမရှိကြပေ။ APF ဥက္ကဋ္ဌက ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်နေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် *“APF နှင့် MNHRC တို့အကြား ပွင့်လင်း၊ မြင်သာသည့် ကူးလူး ဆက်သွယ်ရေးလိုင်းများ ဆက်ရှိနေရန် အရေးကြီးသည်ဟု မိမိတို့မှ ယုံကြည်ပါသည်။ MNHRC ကို အမှီအခိုကင်း၊ ယုံကြည်စိတ်ချရပြီး ထိရောက်မှုရှိသော NHRI တစ်ခုဖြစ်လာစေရေးအတွက် ကူညီထောက်ပံ့ပေးပြီး စွမ်းဆောင်ရည် ပိုမိုခိုင်မာအားကောင်းလာစေရန် လုပ်ဆောင်ပေးသွားရန် ကတိကဝတ်ပြုသည်”* ဟု ပါရှိသည်။[65] အမှီအခို ကင်းသော NHRI တစ်ခုကို ဆက်လက် ထိတွေ့ဆက်ဆံသည့်နည်းဖြင့် ချဉ်းကပ်ရန် အကျိုးအကြောင်း သင့်လျော်သော အခြေအနေများရှိသော်လည်း ပြန်လည်ဦးမော့ကောင်းမွန်လာရန် မျှော်လင့်ချက် လုံးဝ မရှိတော့သော အခြေအနေမျိုးတွင် ယင်းချဉ်းကပ်မှုနည်းလမ်းကို လုပ်ဆောင်ရန် ဤစာတမ်းက မတိုက်တွန်းပေ။ NHRI တစ်ခုသည် ပါရီအခြေခံမူများအရ ၎င်းတွင်ရှိရမည့် စံနှုန်းများအောက်သို့ အစဉ်တစိုက် ဆိုးရွားစွာ ရောက်ရှိနေလျှင် နောက်ဆက်တွဲ အရေးယူမှုများ လုပ်ဆောင်ရမည် ဖြစ်သည်။ နောက်ထပ်၍လည်း ဆိုထားသည်မှာ အာဏာရှင်တစ်ရပ်ကို မှီခိုနေသည့် NHRI တစ်ခုက ယင်းအာဏာရှင်၏ အပြုအမူကို ပိုမိုအတင့်ရဲစေပြီး လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရမည့် NHRI တစ်ခု၏တာဝန်နှင့် လုံးလုံးဆန့်ကျင်နေလျှင်လည်း နောက်ဆက်တွဲ အရေးယူမှုများ ရှိရမည် ဖြစ်သည်။

ကျရှုံးနေသော အာဏာသိမ်းရေး ကြိုးပမ်းမှုစတင်ချိန်မှ နှစ်နှစ်ပြည့်သည်အထိ MNHRC သည် ဆိုးရွားသော ပျက်ကွက်မှုများဖြင့်သာ နှစ်ကာလများကို ကျော်ဖြတ်ခဲ့သည်။ SEANF၊ APF နှင့် GANHRI တို့ အနေဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ၊ အများလေးစားယုံကြည်မှုနှင့် တာဝန်ဝတ္တရားများကို ဆုပ်ကိုင်ပြီး MNHRC ကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ရန် သို့မဟုတ် ထုတ်ပယ်ရန် အချိန်တန်ပြီ ဖြစ်သည်။ ယခုအချိန်သည် MNHRC နှင့် ထိတွေ့ဆက်ဆံနေမှုများကို ပြန်လည်သုံးသပ်ရမည့် အချိန်ဖြစ်သည်။ အဆိုပါ အဖွဲ့အစည်းများသည် လူ့အခွင့်အရေး အကာအကွယ်ပေးရေးဆိုင်ရာ ရလဒ်ကို အလေးထားရမည်ဖြစ်ပြီး အကယ်၍သာ ထိုရည်ရွယ်ထားသောရလဒ်သည် အများပြည်သူ၏ လူ့အခွင့်အရေးကို အားပေးရန်အတွက်ဟုဆိုလျှင် ဆိုးရွားပြင်းထန်သော နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများဘက်တွင် ရပ်တည်နေပြီး စစ်အုပ်စု၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့်အလျောက် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့် ဆိုးရွားသော ချိုးဖောက်မှုများအတွင်း အလိုတူအလိုပါ ဖြစ်နေသည့် MNHRC နှင့် ဆက်လက် ထိတွေ့ဆက်ဆံနေခြင်းများက မြန်မာပြည်သူတို့၏ အခွင့်အရေးကို မည်သို့ ခိုင်မာအားကောင်း စေမည်နည်း။

---

63 ‘APF Chairperson’s Statement on the Situation in Myanmar,’ APF, 10 May 2021. Available at https://www.asiapacificforum.net/news/apf-chairpersons-statement-situation-myanmar/

64 Sebastian Strangio “Melissa Crouch on Myanmar’s Coup and the Rule of Law,” The Diplomat, 23 March 2021. Available at https://thediplomat.com/2021/03/melissa-crouch-on-myanmars-coup-and-the-rule-of-law/

65 “APF Statement on Myanmar Commission,” APF, 15 July 2022. Available at https://www.asiapacificforum.net/news/apf-statement-myanmar-commission/

APF သည် MNHRC နှင့်ထိတွေ့ဆက်ဆံရေးလမ်းကြောင်းကို ဆက်လက်ဆုပ်ကိုင်နေသော်လည်း ထိုထိတွေ့ဆက်ဆံမှုများကြောင့် မည်သို့အောင်မြင်နိုင်မည်ကိုမူ ရေရေရာရာ ရှင်းပြနိုင်ခြင်း မရှိသည့်အတွက် “အချိန်ကုန်လူပန်း” ဆိုသည့်ဆိုရိုးအတိုင်းသာ ဖြစ်နေသည်။ မြန်မာပြည်သူများ၏ ခေါင်းဆောင်မှုဖြင့် တော်လှန်ရေးကို ထောက်ခံခြင်းနှင့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေမှုကို အားပေးထောက်ခံရန်အကောင်းဆုံးနည်းလမ်းမှာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှု အားလုံး၏ အရင်းခံဖြစ်သော စစ်အုပ်စု၏ လက်ဝေခံတစ်ခုဖြစ်သည့် MNHRC နှင့်ထိတွေ့ဆက်ဆံရန် ငြင်းဆန်ခြင်းပင် ဖြစ်သည်။ အခြေခံအားဖြင့် အရေးကြီးသည်မှာ APF၊ GANHRI နှင့် SEANF တို့၏ ဘုံရည်မှန်းချက်ပန်းတိုင်သည် မြန်မာပြည်သူများ၏ အခွင့်အရေးကို မြှင့်တင်၊ ကာကွယ်ပေးရန်သာဖြစ်ပြီး ဤသည်ကို မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင် ဆောင်ရွက်ရမည် ဖြစ်သည်။

MNHRC သည် အမှီအခိုကင်းသော၊ ယုံကြည်စိတ်ချရသော၊ ထိရောက်မှုရှိသော NHRI တစ်ခု ဖြစ်လိုသည့် စိတ်ဆန္ဒမရှိဘဲ စစ်အုပ်စုနှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ဖြစ်နေကြောင်းကို အရပ်ဘက်လူထုအဖွဲ့အစည်းများက APF၊ SEANF နှင့် GANHRI တို့ထံ ပေးပို့ခဲ့သော အိတ်ဖွင့်ပေးစာများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ဝေပြီးသော ANNI အစီရင်ခံစာများနှင့် ယခုလေ့လာ သုံးသပ်ချက်စာတမ်းတို့မှတစ်ဆင့် ရှင်းရှင်းလင်းလင်း ဖော်ပြထားခဲ့ပြီး ဖြစ်သည်။ MNHRC ၏ လုပ်ရပ်များသည် မိမိကိုယ်ကို ကာကွယ်ရုံသာမက စစ်အုပ်စုမှကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်သော အတိတ်ကာလနှင့် ယခုကာလရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု မဖော်ဆောင်နိုင်ရေးကိုလည်း အားပါးတရ ပါဝင်ကာကွယ်ပေးနေသည်။ ကော်မရှင်အဖွဲ့ဝင်များသည် လူ့အခွင့်အရေး အခြေခံသော စဉ်းစားတွေးခေါ်မှုမရှိဘဲ စစ်တပ်နှင့် NLD ဦးဆောင်သောအစိုးရတို့၏ သဘောထားနှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၂၀ ပြည့်နှစ် အစပိုင်းတွင် ပွင့်လင်းမြင်သာမှုမရှိသည့် ရွေးချယ်မှုလုပ်ငန်းစဉ်ဖြင့် ရွေးချယ်ခံထားရသူများဖြစ်သည်။[66] ရှေ့တွင်ဖော်ပြထားသကဲ့သို့ပင် GANHRI–SCA နှင့် မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများမှ ကော်မရှင်အဖွဲ့ဝင်များကို မရွေးချယ်မီ ပွင့်လင်းမြင်သာသော ရွေးချယ်မှုလုပ်ငန်းစဉ်ဖြင့် လုပ်ဆောင်ရန် တောင်းဆိုခဲ့သော်လည်း အရေးလုပ်ခြင်း မခံခဲ့ရပေ။[67] သို့ဖြင့် GANHRI၊ APF နှင့် SEANF တို့သည် မြန်မာပြည်သူများဘက်တွင် ရပ်တည်ရေး လုပ်ဆောင်ရန် တစ်လျှောက်လုံးပျက်ကွက်လာခဲ့သည့်အတွက် ယခုအချိန်သည် ၎င်းတို့၏ ရပ်တည်ချက်ကို ပြသရန် ယခင်ကထက် ပို၍ပင် အရေးကြီးနေပြီ ဖြစ်သည်။

SEANF၊ APF နှင့် GANHRI တို့သည် ၎င်းတို့၏အစည်းအဝေးများတွင် MNHRC ကို ပါဝင်ခွင့်ပြုခြင်းအားဖြင့် ၎င်းတို့သည် NHRI များမှတစ်ဆင့် လူ့အခွင့်အရေး ခိုင်မာအားကောင်းစေရေးဆိုသည့် သတင်းစကားကို မတူညီသော နည်းလမ်းနှစ်သွယ်ဖြင့် ယုတ်လျော့စေသည်။ ပထမသတင်းစကားတစ်ခုမှာ မြန်မာပြည်သူများအတွက် မြန်မာနှင့် ဒေသတွင်း အရပ်ဘက်လူထုအဖွဲ့အစည်းများက အပြင်းအထန် ဆန့်ကျင်ကန့်ကွက်နေသည့်ကြားက MNHRC နှင့် ဆက်လက်ထိတွေ့ဆက်ဆံရန်အတွက် မြန်မာပြည်သူတို့၏ အခွင့်အရေးကို မျက်ကွယ်ပြု၍ရသည်ဟူသော သတင်းစကား ဖြစ်သည်။ ဒုတိယ သတင်းစကားမှာ အခြား NHRI များအတွက်ဖြစ်ပြီး ပါရီအခြေခံမူများကို လိုက်နာခြင်း မရှိလျှင်လည်း ထိရောက်သော နောက်ဆက်တွဲအရေးယူမှု ရှိလာမည် မဟုတ်ကြောင်းနှင့် လူ့အခွင့်ရေးကို ကာကွယ်၊ မြှင့်တင်ရန် စစ်မှန်သောကြိုးစားအားထုတ်မှု မရှိခဲ့လျှင်ပင် အပေါ်ယံ ရွှေမှုံကြဲလုပ်ပြရုံဖြင့် NHRI တစ်ခုအဖြစ် လက်ခံ၍ရနိုင်သည်ဆိုသော သတင်းစကားပင်ဖြစ်သည်။

စစ်အုပ်စုနှင့် ၎င်း၏လက်ဝေခံအုပ်စုများကို ဖယ်ကြဉ်ထားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် အစိုးရချင်း ချိတ်ဆက်လုပ်ဆောင်သည့် အဖွဲ့အစည်းများက ပိုမိုများပြားလာသည့်အတွက် MNHRC သည် APF၊ GANHRI နှင့် SEANF တို့အတွက် ပို၍ ပြဿနာရှိလာစေသည်။ အမှန်စင်စစ်ဆိုရလျှင် APF၊ GANHRI နှင့် SEANF တို့သည် လူ့အခွင့်အရေးကို လေးစားလိုက်နာရမည့် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာရှိသည့်အတွက် စစ်အုပ်စု၏ လက်ဝေခံ အုပ်စုများကို

66 ‘Report and Recommendations of the Session of the Sub–Committee on Accreditation’, GANHRI, November 2015, Section 2. Available at https://www.ohchr.org/sites/default/files/Documents/Countries/NHRI/GANHRI/SCA_FINAL_REPORT_–_NOVEMBER_2015–English.pdf

67 Ibid.

ဖယ်ကြဉ်ရန် အခြားသူများထက်ပင် ပို၍တာဝန်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကျရှုံးနေလျက်ရှိသည့် အာဏာလုယူရေး ကြိုးပမ်းမှုသည် တရားမဝင်သော လုပ်ရပ်တစ်ခုဖြစ်ရာ စစ်အုပ်စုမှ MNHRC ကို ၎င်း၏အုပ်ချုပ်မှုအောက်တွင် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ထုတ်ပြန်ခဲ့သော အမိန့်သည်လည်း တရားမဝင်လုပ်ရပ်သာ ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဖြစ်ပျက်နေသည့် အခြေအနေများ၏ ပြင်းထန်ဆိုးရွားမှု အတိမ်အနက်ကို SEANF၊ APF နှင့် GANHRI တို့အတွင်းတွင် နှံ့နှံ့စပ်စပ်နားလည်ထားခြင်း မရှိသောကြောင့် ဤအခြေအနေကို ကုစားပေးမည့် ဆောင်ရွက်မှုများ အရေးတကြီးလုပ်ဆောင်ရန် လိုအပ်နေသည်။

## ၀၆ MNHRC ကို နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများမှ ဆိုင်းငံ့ခြင်း၊ ဖယ်ရှားခြင်းနှင့် ထုတ်ပယ်ခြင်း

GANHRI နှင့် APF တို့၏ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများတွင် NHRI တစ်ခုကို ၎င်းတို့၏ အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့၊ ဖယ်ရှား သို့မဟုတ် ထုတ်ပယ်ရန် ယန္တရားများ ပါရှိသည်။[68] SEANF တွင်လည်း "အရှေ့တောင်အာရှဒေသတွင်းရှိ ပြည်သူများ၏ လူ့အခွင့်အရေးကို ထိရောက်သော မြှင့်တင်မှု၊ ကာကွယ်မှုနှင့် ဖြည့်ဆည်းမှုများ လုပ်ဆောင်ရန်အတွက်......." ဟူသော အပိုဒ် ၂(၁) အပါအဝင် ၎င်း၏အဖွဲ့ဝင်များ လေးစားလိုက်နာပါမည်ဟု ကြေညာထားသည့် အခြေခံမူများပါရှိသည့် ပဋိညာဉ်တစ်ရပ် ရှိသည်။[69] MNHRC သည် ထိုအချက်ကို ပျက်ကွက်သည်မှာ ရှင်းလင်းနေသည်ဖြစ်ရာ နောက်ဆက်တွဲ အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ရမည် ဖြစ်သည်။

GANHRI ဗျူရိုသည် ၎င်း၏ ဥပဒေပြဋ္ဌာန်းချက် အပိုဒ် ၂၄.၂ အရ MNHRC အား ပါရီအခြေခံမူများကို 'တစ်စိတ်တစ်ပိုင်း လိုက်နာမှု' ထက်ပင် နိမ့်ကျနေသည့်အတွက် ၎င်းကို အဖွဲ့ဝင်အဖြစ်မှ ဖယ်ရှားနိုင်သကဲ့သို့ 'B' အဆင့် သတ်မှတ်ချက်ကိုလည်း ပြန်လည်ရုပ်သိမ်းနိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။[70] ပို၍အရေးကြီးသည်မှာ MNHRC သည် ပါရီအခြေခံမူများကို ဆိုးရွားစွာ ချိုးဖောက်ခဲ့ခြင်းဖြစ်ပြီး ထိုချိုးဖောက်မှုများက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ကျရှုံးနေသော အာဏာသိမ်းရေး ကြိုးပမ်းမှု မတိုင်ခင်ကတည်းကပင် မြင့်တက်နေခဲ့သဖြင့် GANHRI က MNHRC ကို အလုပ်ဖြစ်သော NHRI တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းကို ရပ်တန့်နိုင်သည်။[71] GANHRI ဥပဒေ၏ ပုဒ်မ ၁၆.၂ အရ GANHRI-SCA ၏ 'A' အဆင့် သတ်မှတ်ခံထားရသော NHRI တစ်ခုကို ပြန်လည်ဆန်းစစ်သုံးသပ်ရန်အတွက် GANHRI ဥက္ကဋ္ဌ သို့မဟုတ် GANHRI-SCA အဖွဲ့ဝင်တစ်ဖွဲ့ဖွဲ့က လွတ်လပ်စွာ ဆုံးဖြတ်နိုင်သည်။ သို့သော် MNHRC ကဲ့သို့ 'B' အဆင့် သတ်မှတ်ခံထားရသော NHRI တစ်ခုကို ပုံမှန်ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရန်မှာ မလွယ်ကူပေ။ ယင်းအစား NHRI တစ်ခုခုက အဆင့်သတ်မှတ်ပေးရန် တောင်းဆိုလျှင် သို့မဟုတ် အဆင့် ပြန်လည်သတ်မှတ်ပေးရန် တောင်းဆိုလျှင် သို့မဟုတ် ပါရီအခြေခံမူများ သို့မဟုတ် အထက်တွင် တင်ပြခဲ့သည့်အချက်များအပေါ် လိုက်နာမှုကို သက်ရောက်ထိခိုက်နိုင်သည့် အခြေအနေပြောင်းလဲမှုမျိုးဖြစ်လျှင် GANHRI-SCA က 'B' အဆင့်ရထားသော NHRI တစ်ခုကို ပြန်လည်ဆန်းစစ်နိုင်သည်။[72] GANHRI သည် 'B' အဆင့် NHRI များကို 'A' အဆင့် NHRI များနည်းတူ ပြန်လည်ဆန်းစစ်ခွင့်ရရန် ကြိုးပမ်းသင့်ပြီး MNHRC နှင့်ပတ်သက်၍မူ GANHRI အနေဖြင့် ပါရီအခြေခံမူများအား 'တစ်စိတ်တစ်ပိုင်းလိုက်နာမှု' အဆင့်နှင့်ပင် စံချိန်မမီတော့သည့် သိသာထင်ရှားသော

---

68 "SEANF Charter," 28 June 2007. Available at https://seanf.asia/seanf-charter/.

69 Ibid.

70 "GANHRI Statute," 5 March 2019. Available at https://ganhri.org/governance/

71 Ibid.

72 'Accreditation,' GANHRI. Available at https://ganhri.org/accreditation/

အပြောင်းအလဲ အခြေအနေတစ်ရပ်ကို အခြေခံ၍ MNHRC ကို ပြန်လည် ဆန်းစစ်သုံးသပ်သင့်သည်။[73] အကယ်၍ အဆင့် ပြန်လည်သတ်မှတ်ပေးရန် MNHRC က တောင်းဆိုခဲ့လျှင် ၎င်း၏ လက်ရှိလူ့အခွင့်အရေး မှတ်တမ်းများအရ စံချိန်မီမည် မဟုတ်ဘဲ အသိအမှတ်ပြုမှုဖြစ်သော အဆင့်သတ်မှတ်ခြင်းလည်း ခံရမည် မဟုတ်ပေ။

၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နေ့စွဲဖြင့် APF နှင့် GANHRI တို့ထံ ပေးပို့ခဲ့သော အိတ်ဖွင့်ပေးစာတွင် မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများက APF တွင် NHRI များကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်နိုင်သည့် လုပ်ပိုင်ခွင့် ရှိသည်ဟု ထောက်ပြခဲ့သည်။ အံ့အားသင့်စရာကောင်းသည်မှာ ပါရီအခြေခံမူများနှင့် APF၊ SEANF နှင့် GANHRI တို့၏ စည်းမျဉ်း များကို MNHRC က လိုက်နာမှု မရှိသော်လည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ APF၊ SEANF နှင့် GANHRI တို့မှ တိတ်ဆိတ်နေခြင်းပင် ဖြစ်သည်။ APF ဖွဲ့စည်းပုံအခြေခံဥပဒေအရ APF ၏ Forum Councillor များသည် အပိုဒ် ၁၁.၅(က)-(ခ) နှင့် ၁၂.၁(က)-(ခ) တို့အရ ၎င်းတို့၏ အာဏာကိုကျင့်သုံး၍ MNHRC ကို ပါရီအခြေခံမူ များ လိုက်နာမှုမရှိသည့်အတွက် ပြန်လည်သုံးသပ်ပြီး ထုတ်ပယ်နိုင်သည်။[74] ထို့အပြင် ကြားဖြတ်အစီအမံအနေဖြင့် APF သည် အဆိုပါသုံးသပ်မှု၏ရလဒ်ကို စောင့်ဆိုင်းနေစဉ်ကာလအတွင်း နောက်ထပ်ပြုလုပ်မည့် ၎င်း၏ အစည်းအဝေးများ နှင့် တွေ့ဆုံပွဲများသို့ MNHRC အား မဖိတ်ကြားဘဲ ဆိုင်းငံ့ထားနိုင်သည်။

## ၀၇ အနာဂတ်ကို မျှော်ကြည့်ခြင်း

APF၊ GANHRI နှင့် SEANF တို့အနေဖြင့် စစ်အုပ်စု သို့မဟုတ် ၎င်း၏လက်ဝေခံအုပ်စုကို ၎င်းတို့၏ အစည်း အဝေးနှင့် ပွဲများသို့ တက်ရောက်ခွင့်မပေးခြင်း သို့မဟုတ် ၎င်းတို့၏လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်မပြုခြင်း စသော မူဝါဒ အပေါ် အခြေခံသည့် ခြေလှမ်းများကို ဖော်ဆောင်သင့်သည်။ အချို့သော နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ က စစ်အုပ်စု သို့မဟုတ် စစ်အုပ်စု၏ နိုင်ငံရေးနှင့်မဆက်စပ်သော ကိုယ်စားလှယ်များကို ၎င်းတို့၏ အစီအစဉ်များ၊ ဖိုရမ် များသို့ ပါဝင်ရန် ဖိတ်ကြားမှုများ ရှိနေချိန်တွင် လူ့အခွင့်အရေးအဖွဲ့အစည်းများဖြစ်သော APF၊ GANHRI နှင့် SEANF တို့ အနေဖြင့် ၎င်းတို့၏ ပလက်ဖောင်းများက စစ်အုပ်စုအတွက် တာဝန်ခံရခြင်းမှ ရှောင်ရှားနိုင်ရန်နှင့် တရားဝင်မှု ရရှိလာ ရေး လုပ်ဆောင်နေသည့် နေရာအဖြစ် ကူညီပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိရေးလှုပ်ရှားမှုကို အားပေးကူညီသည့်နေရာ မဖြစ်စေရေးအတွက် အခိုင်အမာလုပ်ဆောင်ရန် ပို၍ပင် တာဝန်ရှိသည်။ ထို့အပြင် ထိုအဖွဲ့အစည်းများသည် မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် မြန်မာပြည်သူများ၏ အသံကို နားထောင်ရမည် ဖြစ်ပြီး၊ မြေပြင်ရှိ ပြည်သူလူထု များ၏ လူ့အခွင့်အရေးများကို ထောက်ခံအားပေးခြင်းနှင့် MNHRC ရပ်တန့်သွားစေရေးကို ကိုင်တွယ်ဆောင်ရွက်ရမည် ဖြစ်သည်။ MNHRC နှင့် ပတ်သက်သောပြဿနာသည် ဤအတိုင်း ပျောက်ကွယ်သွားမည် မဟုတ်ပါ။ ထိုအချက်ကို သိရှိ သောကြောင့် အလုပ်အဖွဲ့သည် NHRI ဆိုင်ရာ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် NHRI အသစ်တစ်ခု တည်ထောင် နိုင်ရေးအတွက် ဥပဒေအသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲပြီး အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (National Unity Consultative Council – NUCC) တို့ကို NHRI ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းပေး ရန် စည်းရုံးလှုံ့ဆော်လျက်ရှိသည်။[75] ထိုအဖွဲ့အစည်းများနှင့် အခြားသော အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်

---

[73] Ibid.

[74] “APF Constitution,” 1 January 2018. Available at https://www.asiapacificforum.net/resources/apf-constitution/

[75] “Myanmar Civil Society Proposes New Union Human Rights Commission Law Amid Ongoing Campaign of Terror by the Myanmar Military Junta, Urges Its Swift Adoption,” 14 December 2021, CSO Working Group on MNHRC Reform and Asian NGO Network on National Human Rights Institutions.
Available at https://progressivevoicemyanmar.org/2021/12/14/myanmar-civil-society-proposes-new-union-human-rights-commission-law-amid-ongoing-campaign-of-terror-by-the-myanmar-military-junta-urges-its-swift-adoption/

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် ဘဝများစွာကို စတေးခဲ့သည့် အမျိုးမျိုးသော ဘာသာရေး၊ လူမျိုးရေးနှင့် လူတန်းစား အလွှာပေါင်းစုံမှ ပြည်သူများကို လေးစားဂုဏ်ပြုသောအားဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင်ကျရောက်သော ၁၉၈၈ တစ်နိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီအရေးလှုပ်ရှားမှု ၃၄ နှစ် ပြည့်သောနေ့တွင် ပူးတွဲထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ၎င်းတို့၏ ထုတ်ပြန်ချက်ထဲတွင် *"MNHRC ၏ ရပ်တည်ချက်၊ လုပ်ဆောင်ချက်များနှင့် ၎င်း၏တည်ရှိမှုသည် မြန်မာပြည်သူလူထု၏ ဖက်ဒရယ်ဒီမိုကရေစီအရေးတော်ပုံကို ထိခိုက်ဆုတ်ယုတ်စေသည်။"* ဟု ဆိုကာ NHRI အသစ်တစ်ရပ် ပေါ်ပေါက်ချိန် တန်ပြီဟု တောင်းဆိုခဲ့ကြသည်။[76] ၎င်းတို့၏ ဆန္ဒများနှင့် မြန်မာပြည်သူတို့၏ ဆန္ဒများကို လေးစားဂုဏ်ပြုရမည် ဖြစ်သည်။

## ၀၈ နိဂုံး

ကြီးမားဆိုးရွားသော ကြမ်းကြုတ်ရက်စက်မှုများကို ကျူးလွန်နေသည့် စစ်အုပ်စုအား MNHRC က အကူအညီပေးပြီး ကြံ့ရာပါအဖြစ် လုပ်ဆောင်နေမှု၏ ဆိုးရွားပြင်းထန်သည့် အခြေအနေကို GANHRI၊ APF နှင့် SEANF တို့အနေဖြင့် အရေးတကြီး ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပြီး ခိုင်မာသော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်ဖြစ်သည်။ ၎င်းတို့အတွက် လက်ရှိအတိုင်း ပိုနေမြဲကျားနေမြဲ အခြေအနေဖြင့် ရှေ့ဆက်သွားရန်မှာ လုံးဝမဖြစ်နိုင်ပေ။ ဤအဖွဲ့အစည်းအားလုံးနှင့် အဖွဲ့အစည်းများအတွင်း အလုပ်လုပ်နေသူများအနေဖြင့် ၎င်းတို့အပေါ် လူထုလက်ခံယုံကြည်မှု၊ မူအပေါ်ရပ်တည်မှုနှင့် လူ့အခွင့်အရေးနယ်ပယ်အတွင်းရှိ ၎င်းတို့၏ အခန်းကဏ္ဍ စသည်တို့အပါအဝင် ကိစ္စရပ်များစွာအပေါ် ထိခိုက်စေမည့်အန္တရာယ် ကျရောက်စေသည်။ ချဉ်းကပ်မှုပုံစံကို ပြောင်းလဲရန်အတွက် မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများက တောင်းဆိုထားပြီး GANHRI၊ APF နှင့် SEANF တို့အနေဖြင့် အောက်တွင်ဖော်ပြထားသည့် အကြံပြုတိုက်တွန်းချက်များအပေါ် အခြေခံ၍ တုံ့ပြန်ရမည် ဖြစ်သည်။

- ပထမဆုံးအနေဖြင့် MNHRC ကို စစ်အုပ်စု၏ဩဇာခံ ကော်မရှင်အဖြစ်နှင့် စစ်အုပ်စု၏ ဝါဒဖြန့်ချိရေးအတွက် ကိရိယာတစ်ခုအဖြစ် အသိအမှတ်ပြုရမည်။
- ဒုတိယအချက်အနေဖြင့် စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် လုံးလုံးလျားလျားရောက်နေသည့် MNHRC မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ကျရှုံးနေသော အာဏာသိမ်းရေး ကြိုးပမ်းမှုနောက်ပိုင်းနှင့် ယင်းမတိုင်မီကာလများကတည်းကပင် ပါရီအခြေခံမှုများကို လိုက်နာခြင်း တောက်လျှောက်မရှိခဲ့သည့်အပေါ် နောက်ဆက်တွဲ အရေးယူကိုင်တွယ်မှုများ လုပ်ဆောင်ရမည်။
- တတိယအချက်အနေဖြင့် APF၊ SEANF နှင့် GANHRI တို့အနေဖြင့် လူ့အခွင့်အရေး ကောင်မရှင်အသစ်တစ်ရပ် ပေါ်ပေါ်လာရေး လုပ်ဆောင်နေသော မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများကို ထောက်ခံအားပေးရမည်။

အဓိကအချက်မှာ ဤအဖွဲ့အစည်းများတွင် အလွန်ပင်ရှင်းလင်းလှသော လုပ်ပိုင်ခွင့်အာဏာ ရှိထားပြီး ၎င်းတို့၏သမိုင်းတွင် မင်းဆိုးမင်းညစ်၊ အမုန်းတရားနှင့် အကြွင်းမဲ့အာဏာရှင်စနစ်တို့ကို ကျော်လွှန်ပြီး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ထောက်ခံခြင်းအား ရွေးချယ်ခြင်းဖြင့် မှန်ကန်သောဘက်တွင် ရပ်တည်ရန် ကျင့်ဝတ်ပိုင်းအရ ရွေးချယ်ရမည့်တာဝန် ရှိနေသည်။

---

76 "Time for the Emergence of a New National Human Rights Commission Representing the People of Myanmar," 7 August 2022, CSO Working Group and 32 Myanmar Civil Society Organizations. Available at https://progressivevoicemyanmar.org/2022/08/07/time-for-the-emergence-of-a-new-national-human-rights-commission-representing-the-people-of-myanmar/

# ၀၉ အကြံပြုတိုက်တွန်းချက်များ

## နိုင်ငံတကာနှင့် ဒေသတွင်း NHRI ဆိုင်ရာအဖွဲ့အစည်းများ (SEANF၊ GANHRI နှင့် APF)

- MNHRC ကို လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ အဖွဲ့ဝင်အဖြစ် ဆိုင်းငံ့ရန် သို့မဟုတ် ထုတ်ပယ်ရန်၊
- စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ရရှိရေးအတွက် ရှေးရှုလုပ်ဆောင်နေကြသော မြန်မာပြည်သူများကို ထောက်ခံပြီး စစ်အုပ်စုနှင့် ၎င်း၏ ဆိုးရွားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာရာဇဝတ်မှုများနှင့်ပတ်သက်၍ အခြေခံမှုများအပေါ် ရပ်တည်ခြင်းဖြင့် အသိအမှတ်ပြုမှု မလုပ်မိစေရေး ရှောင်ရှားရန်အတွက် MNHRC နှင့် ထိတွေ့ဆက်ဆံမှုများအားလုံးကို ရပ်တန့်ရန်၊
- လာမည့် GANHRI နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ၎င်း၏စည်းမျဉ်းများကို အပြောင်းအလဲလုပ်၍ ‘B’ အဆင့်သတ်မှတ်ခံထားရသော NHRI များကို ပြန်လည်ဆန်းစစ်သုံးသပ် ခွင့်ပြုရန်၊
- နိုင်ငံအဆင့်လူ့အခွင့်အရေးကော်မရှင်အသစ်တစ်ရပ် ဖော်ဆောင်ရန် တိုက်တွန်းလုပ်ဆောင်နေသည့် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများကို ထောက်ခံရန်၊ နှင့်
- လူ့အခွင့်အရေးကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေး လုပ်ဆောင်နေသော အမျိုးသားညီညွတ်ရေးအစိုးရနှင့် စတင်ဆွေးနွေးပြီး ထောက်ခံပံ့ပိုးရန်။

## နိုင်ငံတကာ အလှူရှင်များ

- MNHRC ၏ စီမံကိန်း သို့မဟုတ် လုပ်ဆောင်မှုများကို MNHRC ၏ လုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဘဏ္ဍာငွေထောက်ပံ့မှု ရပ်ဆိုင်းရန်၊
- GANHRI၊ SEANF နှင့် APF တို့မှ MNHRC ကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ရန် သို့မဟုတ် ထုတ်ပယ်ရန်အတွက် တိုက်တွန်းတောင်းဆိုရန်၊ နှင့်
- လူ့အခွင့်အရေးကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေး လုပ်ဆောင်နေသော အမျိုးသားညီညွတ်ရေးအစိုးရနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများကို ပံ့ပိုးပေးရန်။

## ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာမှ လှုပ်ရှားဆောင်ရွက်သူများ

- MNHRC နှင့် ထိတွေ့ဆက်ဆံမှု ရပ်ဆိုင်းရန် သို့မဟုတ် မဆက်ဆံဘဲ ဆက်လက်နေရန်၊ နှင့် အခြားသော လှုပ်ရှားဆောင်ရွက်သူများကိုလည်း ဤသို့လုပ်ဆောင်ရေး တိုက်တွန်းရန်၊
- MNHRC ၏ စီမံကိန်း သို့မဟုတ် လုပ်ဆောင်မှုများအတွက် ပံ့ပိုးပေးခြင်းကို ရပ်ဆိုင်းရန်၊
- လူ့အခွင့်အရေးကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေး လုပ်ဆောင်နေသော အမျိုးသားညီညွတ်ရေးအစိုးရနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများကို ပံ့ပိုးပေးရန်၊
- စစ်အုပ်စု သို့မဟုတ် ၎င်း၏လက်ဝေခံအုပ်စုများ သို့မဟုတ် MNHRC အပါအဝင် စစ်အုပ်စုအား တိတ်တဆိတ်ထောက်ခံအားပေးသည့်အုပ်စုများကို တရားဝင်မှု မပေးခြင်းအားဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးအတွက် လှုပ်ရှားလုပ်ဆောင်နေကြသော မြန်မာပြည်သူများ၏ တိုက်ပွဲကို ထောက်ခံပံ့ပိုးပေးရန်။

**အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ**

- ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ဖျက်သိမ်းရန်နှင့် မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများမှ နိုင်ငံအဆင့် လူ့အခွင့်အရေးကော်မရှင် အသစ်တစ်ရပ် တည်ထောင်ရန် မူကြမ်းရေးဆွဲထားသည့် UHRC ဥပဒေအသစ်ကို ပြဋ္ဌာန်းရန်၊ နှင့်
- လူ့အခွင့်အရေးကော်မရှင် အသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရန်အတွက် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ အလှူရှင်အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် ကုလသမဂ္ဂထံမှ အကူအညီများ တောင်းခံရန်။

# ဆက်သွယ်ရန်


**လွတ်လပ်သော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများအလုပ်အဖွဲ့ (မြန်မာ)**

Email: WG_NHRI@protonmail.com

**အာရှဒေသ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများကွန်ရက်**

Email: Anni@forum-asia.org